မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၅၇)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ အင်္ဂါနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ရန်ကုန်တိုင်းဒေသကြီး၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယကဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီရယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှတာဝန်ရှိသူများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်အမျိုးသားအလံကို လွှင့်တင်ကာ အလေးပြုကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ❐





မော်လိုက်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၀၂၁ ဧက စိုက်ပျိုးပြီးစီး သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံဝင်ငွေတိုးပွားအောင်ဆောင်ရွက်ရန်လိုအပ်

မော်လိုက် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၀၂၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မော်လိုက်မြို့နယ်၌ အစေ့ထုတ်ပြောင်း ဧက ၄၈၀ နှင့် ဖူးစားပြောင်း ၃၀၁၅ ဧက **စာမျက်နှာ ၁၄ ကော်လံ ၁ ❐**

၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ “သဘင်အကနှင့်လှမည့်ည” အစီအစဉ်ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကား

စာ - ၁၅ သို့



MWD
မီဒီယာစင်တာ

ရုပ်ရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ဌားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ဌားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre

အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်)

စည်းလုံးညီညွတ်သည့်အင်အားစုများ

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်းမဖြစ်မနေထမ်းရွက်ရမည့်တာဝန်ဖြစ်သည်။ ဤတာဝန်ကိုမထမ်းဆောင်ပါက မိမိနေထိုင်သည့်နိုင်ငံ၏ ကာကွယ်ရေးအင်အားမှာ လျော့နည်းနေမည်ဖြစ်ပြီး အခြားနိုင်ငံများနှင့်တန်းတူရည်တူရှိနေနိုင်မည်မဟုတ်ပေ။ ယနေ့မြန်မာ့တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ လွတ်လပ်ရေးရရှိရေးအတွက် ပြည်သူလူထုနှင့်အတူ ဦးဆောင်တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၈၅ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟုပြဋ္ဌာန်းထားသည်။ ထို့အပြင် ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားသည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဒီဇင်ဘာလ ၂၈ ရက်က အင်းတိုင်တပ်နယ်ရှိနယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **"နိုင်ငံတော်အလံကို မိမိလက်နှင့်ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ(၄) ချက်ကိုရွတ်ဆိုထားသူများဖြစ်သည့်အတွက် ၎င်းသစ္စာ(၄)ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန်လိုကြောင်း၊ ထို့အပြင် စစ်သည်အချင်းချင်းအပေါ်တွင်လည်း ရဲဘော်စိတ်ထားရှိရန်လိုကြောင်း၊ "ရဲဘော်စိတ်" ဆိုသည်မှာ ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများဖြစ်၍ သေအတူရှင်မကွာဆိုသည့်စိတ် သာအတူနာအတူဆိုသည့်စိတ်ထားခံယူချက်များ ထားရှိသွားရန်လိုအပ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရဖြစ်စေ၊ မိမိ၏စိတ်ဆန္ဒအရဖြစ်စေ တပ်မတော်တွင်းသို့ဝင်ရောက်လာကြသူများအား တပ်မတော်၌ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်ရာတွင် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့်စစ်ပညာရပ်များကို အခြေခံမှစ၍ လိုအပ်သလိုစနစ်တကျသင်ကြားလေ့ကျင့်ပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်ရေးပြဿနာရပ်၊ စစ်နည်းဗျူဟာဿနာရပ်၊ လက်နက်ငယ်ဘာသာရပ်အပါအဝင် အခြားသောစစ်ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးထားသည့်အတွက် မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို စနစ်တကျအသုံးချသွားကြရမည်ဖြစ်သည်။

သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများသည်လည်း တပ်မတော်သားဘဝကိုရရှိခံယူထားကြပြီးဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ၂၄ နာရီတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်သည်။ နောင်တော်တပ်မတော်သားများနှင့်လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူကျေပွန်စွာထမ်းဆောင်လျက်ရှိကြသည်။ နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းများ၊ မိသားစုများကလေးစားတန်ဖိုးထားရသည့် ပြည်သူ့သားကောင်းများအဖြစ် ကြိုးစားနေထိုင်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်းမဖြစ်မနေထမ်းဆောင်ကြရမည့်တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုဖွင့်လှစ်ခဲ့ရာ သင်တန်းအမှတ်စဉ်(၆)အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်သည်။ သင်တန်းဆင်းနိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိရာတွင် တာဝန်များကို ထူးချွန်ပြောင်မြောက်စွာထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် နိုင်ငံတော်မှစွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များရရှိလာခဲ့ကြသည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရှိရသည်။

နိုင်ငံတော်တွင်အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရတိုင်း နိုင်ငံတော်မပျက်မယွင်းမပြိုကွဲအောင်ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာအင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ရှိနေခြင်းကြောင့်ဖြစ်သည်။ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးပြည့်ဝခိုင်မာနေရမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပအဖျက်သမားအင်အားစုသည် တပ်တွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေရန် နည်းလမ်းပေါင်းစုံနှင့်ထိုးနှက်တိုက်ခိုက်လျက်ရှိသည်။ ထို့ကြောင့် တပ်မတော်သားများအနေဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိနေကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ နှစ်(၃၀)ပြည့် ပုလဲရတုမဂ်လာကျင်းပ

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ နှစ်(၃၀)ပြည့် ပုလဲရတုမဂ်လာကို ဒီဇင်ဘာလ ၂၉ ရက်တွင် အဆိုပါကျောင်းရှိ စကားဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး ကျောင်းသားဟောင်းတစ်ဦးက ကန်တော့ပန်ဆင်လွှာကို ဖတ်ကြား၍ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးကိုကိုက ဩဝါဒစကား ပြောကြားပြီး ခုနှစ်အလိုက် ကန်တော့ငွေကောက်ခံပေးကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြကာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ငွေများပေးအပ်ကြသည်။

(၃၀)ကြိမ်မြောက် ပုလဲရတုအာစရိယပူဇော်ပွဲသို့ ကန်တော့ခံ အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၅၉ ဦး အနက် ၈၉ ဦး တက်ရောက်ကန်တော့ခံကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်း စုစုပေါင်း ၁၃၈ ဦး တက်ရောက်ကြကြောင်းသိရသည်။

နေအောင်(ပြန်/ဆက်)

သဇင်(FM)အသံလွှင့်အစီအစဉ်

၃၁-၁၂-၂၀၂၄(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

မြဝတီ ခနဲ့စဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်ဒိုရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀န်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀န်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မြိတ်ကျွန်းစုဒေသများမှထွက်ရှိသော သဘာဝငှက်သိုက်များ ဈေးကွက်အတွင်း ရောင်းအားပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေ



မြိတ် ဒီဇင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသများမှထွက်ရှိသော သဘာဝငှက်သိုက်များ ဈေးကွက်အတွင်း ရောင်းအားပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သဘာဝငှက်သိုက် ရောင်းဝယ်သူများ၏ ပြောပြချက်အရ သိရသည်။

မြိတ်ကျွန်းစုဒေသများမှ ထွက်ရှိသော သဘာဝဇီဝဖိုးငှက်အန်ဖတ်များဖြင့် တည်ဆောက်ထားသောအသိုက်များကို ခွာယူရောင်းချရသည့်ငှက်သိုက်များ ယခုနှစ်တွင် ဈေးကွက်အတွင်း ရောင်းအားပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း ငှက်သိုက်ဝယ်ရောင်းဈေးကွက်အတွင်းမှ သိရသည်။

သဘာဝငှက်သိုက်အများစုသည် မြိတ်ကျွန်းစုဒေသများမှ ထွက်ရှိခြင်းဖြစ်ပြီး ပြည်ပမှဝယ်ယူမှုများကြောင့် ဈေးကွက်အတွင်း ဈေးကောင်းရရှိလာသည့်အတွက် မြိတ်၊ ပုလော၊ တနင်္သာရီ၊ ကျွန်းစုနှင့် ဘုတ်ပြင်း စသည့်မြို့နယ်များရှိ လူနေအိမ်နှင့် ဥယျာဉ်ခြံတချို့၌ ငှက်အိမ်များ တည်ဆောက်ကာ စီးပွားဖြစ်မွေးမြူသူများပြားလာကြောင်း သိရသည်။

"ဒီနှစ်မှာ ငှက်သိုက်ဈေးကွက်အတွင်း ရောင်းအားပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေပါတယ်" ဟု မြိတ်မြို့မှ ငှက်သိုက်သဘာဝမြေဩ၊ သဘာဝပိုးသတ်ဆေးတွေ ထုတ်လုပ်သုံးစွဲကြဖို့ စိုက်ပျိုးရေးပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စားဖိုဆောင်သီးနှံများ ရောင်းချသူတစ်ဦးကပြောသည်။

မြိတ်ကျွန်းစုဒေသများမှ ထွက်ရှိသည့် ငှက်သိုက်များကို သဘာဝအတိုင်းရောင်းချကြသကဲ့သို့ ဖန်ပုလင်းများဖြင့် ငှက်သိုက်ပေါင်းရည်အဖြစ် တစ်နိုင်တစ်ပိုင်ထုတ်လုပ်ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့၌ သဘာဝငှက်သိုက်အများဆုံးထွက်ရှိပြီး မြိတ်မြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှထွက်ရှိသော ငှက်သိုက်များသည် ဈေးကွက်အတွင်း၌ ရောင်းအားအကောင်းဆုံးဖြစ်သဖြင့် လူကြိုက်များကြောင်း သိရသည်။

လက်ရှိတွင် မြိတ်ကျွန်းစုဒေသများမှထွက်ရှိသော သဘာဝငှက်သိုက်များကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေရကြောင်းနှင့် ယခင်က တရုတ်နိုင်ငံအပြင် ထိုင်းနှင့် မလေးရှားနိုင်ငံတို့သို့လည်း တင်ပို့ခဲ့ရကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီး သီးနှံဈေးနှုန်းများကျဆင်းလာစေပြီး ဒေသခံပြည်သူများ သက်သာချောင်ချိရေးကို အထောက်အကူပြုနိုင်

ပွင့်ဖြူ ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးနေပြီး ထိုကဲ့သို့ သီးနှံများစိုက်ပျိုးခြင်းဖြင့် သီးနှံဈေးနှုန်းများ ကျဆင်းလာစေပြီး ဒေသခံပြည်သူများ သက်သာချောင်ချိရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက လျာထားစိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်ဆောင်းရာသီမှာ စားရေရိုက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး လက်ရှိမှာ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ထွက်ရှိလာတဲ့သီးနှံတွေကိုလည်း အစားအစာဘေးကင်းလုံခြုံအောင်၊ အထွက်နှုန်းကောင်းမွန်အောင် တောင်သူတွေကို GAP နည်းစနစ်တွေနဲ့အညီ စိုက်ပျိုးကြဖို့၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးတွေ ထုတ်လုပ်သုံးစွဲကြဖို့ စိုက်ပျိုးရေးပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စားဖိုဆောင်သီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စားဖိုဆောင်သီးနှံများ စိုက်ပျိုးခြင်းကြောင့် ဒေသတွင်းစားသုံးမှုဖူလုံစေပြီး သီးနှံဈေးနှုန်းများလည်း ကျဆင်းလာစေမည့်အပြင် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ထိုင်းနိုင်ငံ၌ကျင်းပမည့် FTI EXPO 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်ပြသရန် ဖိတ်ခေါ်ထား

ရန်ကုန် ဒီဇင်ဘာ ၃၀

ထိုင်းနိုင်ငံ၌ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အတွင်းကျင်းပမည့် FTI EXPO 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန် သက်ဆိုင်ရာပြပွဲကျင်းပရေးကော်မတီမှ ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါပြပွဲကို ထိုင်းနိုင်ငံရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် စက်မှုလုပ်ငန်းဦးဆောင်သူများအား အကျိုးအမြတ်မယူဘဲ စုစည်းပေးလျက်ရှိသော ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်သည့် Federation of Thai Industries (FTI) မှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Queen Sirikit National Convention Center ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြပွဲကို ထိုင်းနိုင်ငံ၌ နှစ်စဉ်ကျင်းပလေ့ရှိပြီး ယခုနှစ်ပြပွဲအား ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်၊ ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်းမှုကိုမြှင့်တင်ရန်၊ One FTI မူဝါဒမှတစ်ဆင့် ထိုင်းနိုင်ငံ၏စက်မှုကဏ္ဍကို မြှင့်တင်ရန်၊ ကမ္ဘာ့ထုတ်ကုန် အခြေစိုက်နေရာအဖြစ် ထိုင်းနိုင်ငံမှ အဆင်သင့်ဖြစ်နေမှုတို့ကို လုပ်ငန်းရှင်များအားပြသရန် စီစဉ်ခြင်းဖြစ်သည်။

အဆိုပါပြပွဲတွင် ထိုင်းနိုင်ငံနှင့် နိုင်ငံတကာမှ စက်မှုထုတ်ကုန်များပြသခြင်း၊ ဆန်းသစ်ထားသော အဆင့်မြင့်စက်မှုနည်းပညာများမိတ်ဆက်ခြင်း၊ ကမ္ဘာ့ခေတ်ရေစီးကြောင်းနှင့်အညီ စက်မှုကဏ္ဍတွင် ကြုံတင်ပြင်ဆင်မှုများဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ပြပွဲတွင်ပါဝင်ပြသသော လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်ရန်၊ နိုင်ငံတကာမှ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ရန် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင်ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း- ၀၆၇-၄၀၈၆၂၂ နှင့် E-mail-event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆောင်းဦး



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



ယမန်နေ့မှအဆက်

မိဘများသည် အလွန်မခံချင်၍ သီလရှင်ကြီးအား တိုင်တန်းလေရာ သီလရှင်ကြီးသည် ကျွန်ုပ် လက်ညှိုးထိုးပြသော ကျောင်းသား၊ ကျောင်းသူ အားလုံးကို ရိုက်လေတော့သည်။ ထိုနေ့မှစ၍ အရိုက်ခံရသော ကျောင်းသားများသည် ကျွန်ုပ်အား ရန်ငြိုးဖွဲ့ကြသည့်လက္ခဏာနှင့် အခေါ်အလစ်တွင် ထိုးကြ၊ ခေါက်ကြလေရာ ကလေးကတည်းက အတော် အတန်နှင့် မငိုတတ်သူဖြစ်၍ ကျိတ်ခံခဲ့ရသည်။

ဟိုကောင်၏နှိပ်စက်ခြင်းမှ လွတ်ခဲ့ရပြီဆိုသော်လည်း တစ်ယောက်၏လက်မှ အများ၏လက်သို့ ရောက်ရခြင်းဖြစ်၍ ကျွန်ုပ်မှာ ကျောင်းသားအရွယ် ကလေးအားလုံးကို မုန်းချင်သလိုလို ဖြစ်လာခဲ့လေပြီ။ ကလေးအချင်းချင်းတွေ့ရသည့်အခါ လည်ပင်းကို ပြေး၍ဖက်ချင်သော စိတ်မျိုးရှိခဲ့ရာမှ မသက်သာသော စိတ်မျိုးနှင့် ခပ်ဝေးဝေးမှလှမ်းကြည့်သောအဖြစ်မျိုး သို့ ပြောင်းလဲလာခဲ့လေပြီ။

ကျွန်ုပ်သည် ငယ်စဉ်ကအဖြစ်အပျက်များကို ပြန်ပြောင်းဆင်ခြင်သည့်အခါ (ဖော်ပြလတ္တံ့သော အခြင်းအရာများကြောင့်) မိမိကိုယ်ကို ဖြူကောင်နှင့် နှိုင်းယှဉ်မိသည်။ ဖြူကောင်သည် မည်သူ့ကိုမျှ ရန်မူခြင်းမရှိသော်လည်း 'အနားမကပ်ခဲ့နဲ့၊ တွယ်လိုက်မယ်' ဆိုသောအနေဖြင့် ကိုယ်၌ရှိသောဆူးများကို ထောင်ထားတတ်သည်ဆိုရာ ကျွန်ုပ်မှာလည်း ဟိုကောင်နှင့်ဆက်ဆံရဖူးခြင်းတစ်ချက်၊ သီလရှင် ကျောင်းသားများနှင့်ဆက်ဆံရဖူးခြင်း တစ်ချက် ကြောင့် ကျွန်ုပ်၏ဘဝတွင် ဆူးနှစ်ချောင်းပေါက် လာခဲ့လေပြီ။ ဤသည်မှာ ပထမဆုံးပေါက်လာသော ဆူးနှစ်ချောင်းဖြစ်လေရာ နောက်ပိုင်း ဤမျှမက ချွန်ထက်သောဆူးများဖြစ်ပေါ်လာပုံကို အဆင့်ဆင့်ဖော်ပြပါဦးမည်။

လေးငါးနှစ်သား အရွယ်၌ပင် ကျွန်ုပ်သည် ကလေးအချင်းချင်းအပေါ်၌ ချစ်ခင်စိတ်ပေါ့လျော့လာခဲ့သော်လည်း ကျွန်ုပ်၏မိဘများနှင့်ပတ်သက်၍မူကား ကျွန်ုပ်ကလည်း အလွန်ချစ်၍ ငင်းတို့၏ချစ်ခင်ခြင်းကိုလည်း ယုံမှားသံသယမရှိချေ။ ကျွန်ုပ်၏နှမလေး အပေါ်၌ ကျွန်ုပ် ကြင်နာခြင်းကို အထက်တွင် အမြွက်မျှဖော်ပြခဲ့ရာ ၎င်းနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်၌ ထိခိုက်ခဲ့ဖူးပုံကို ဖော်ပြရပေဦးမည်။ တချို့ကလေး များသည် ငယ်စဉ်ကအလွန်ကောင်း၍ ကြီးပြင်းလာမှ ဆိုးတတ်ပုံ၊ တချို့မှာလည်း ငယ်စဉ်က အလွန်ဆိုး၍ ကြီးခါမှ ကောင်းတတ်ပုံတို့ကို လူကြီးများပြောလေ့ရှိကြ၏။ နှမလေးမှာ ကြီးပြင်းလာသောအခါ၌ အလွန်ကောင်းသော်လည်း ငယ်စဉ်ကမူ အလွန်ဆိုးလှ၏။ (ကွယ်လွန်ရှာသည်မှာ နှစ်ပေါင်း ၃၀ ကျော်ပြီ။) နှမလေးသည် ညတိုင်းတွင် စောစောအိပ်တတ်၍ သန်းခေါင်ကျော်သောအချိန်တွင် အိပ်ရေးဝသည့် လက္ခဏာနှင့် တကျိကျိပူဆာတတ်၏။ ဟိုဟာစားချင်သည်၊ သည်ဟာ စားချင်သည် စသည်ဖြင့် နားပူနားဆာလုပ်တတ်၍ မိခင်က ချော့ချည်တစ်ခါ ခြောက်ချည်တစ်လှည့်ဖြင့်သိပ်ရ၏။ တစ်ခါတစ်ရံ မြန်မြန်အိပ်၍ တစ်ခါတစ်ရံလည်း တအီအီနှင့် အကြာကြီး ငိုနေတတ်၏။ တစ်ညသ၌ ကျွန်ုပ်သည် နှမလေးငိုသံကြောင့်နိုးလာ၍ ကြည့်လိုက်သောအခါ ကလေးမှာအိမ်ပြင်သို့ရောက်နေ၍ မိခင်နှင့်ဖခင် တို့က အိမ်အတွင်း တံခါးအနီးမှရပ်ကာ 'မတိတ်ဘူးလား၊ တိတ်မှဖွင့်ပေးမယ်' ဟု ပြောရာ ကလေးကမူ 'ချမ်းလှပါပြီ၊ ဖွင့်ပေးပါ၊ ဖွင့်ပေးပါ' ဟု ငိုလျက် သာပြော၏။ အငိုမတိတ်ချေ။ ရာသီကား ဆောင်းရာသီဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် စောင်ခြုံထဲ၌ကွေးလျက်ရှိသည်ကိုမှတ်မိ၏။ ကလေးကလည်း ငို၊ မိဘများကလည်း တံခါးဖွင့်မပေးဘဲ 'တိတ်လေ မတိတ်ဘူးလား၊ မချမ်းဘူးလား' ဟု မေးလျက်ရှိရာ ကျွန်ုပ်မှာအိမ်ပြင်၌ နှမလေး၏ချမ်းအေးရှာလှမည့်အဖြစ်ကို သနားလှသဖြင့် စောင်ခြုံထဲ၌ တိတ်တဆိတ် ကျိတ်ကာ မျက်ရည်များ ရွဲအောင်ငိုမိသည်။ မိဘများအား တောင်းပန်ပေးဖို့ မဆိုထားဘိ၊ ကျွန်ုပ်နိုးနေသည့်အဖြစ်ကိုပင် မသိစေဝံပေ။ ဤတွင် သားသမီးများကို အလွန်ချစ်ခင်တတ်သည်ဟုယူဆသည့် (ယခုတိုင်လည်း ယုံမှားခြင်းမရှိပါ။) မိဘများက နှမလေးအား ညှဉ်းဆဲနှိပ်စက်ကြသည်ဟူသောအထင် ကပ်ရောက်လာသဖြင့် ကျွန်ုပ်မှာ စိတ်ထဲတွင်အလွန် မကောင်းဘဲ တတိယဆူးတစ်ချောင်း ပေါက်လာရပြန်ပါသည်။

ယခုမှ ဖွင့်ပြောခြင်း

ဤသို့ ရေးသားခြင်းအတွက်ကြောင့် မိဘများ အပေါ်၌ ကျွန်ုပ်စိတ်ထားပုံကို စာဖတ်သူတို့ အထင်လွဲမည်စိုးသဖြင့် ရှင်းလင်းဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် အထက်ပါအဖြစ်အပျက်ကို မိခင်၊ ဖခင်တို့အား လည်းကောင်း၊ ကွယ်လွန်သူ နှမလေးအားလည်း ကောင်း၊ ယခုရှိနေသော ညီတစ်ယောက်အားလည်း ကောင်း၊ တခြားသူ တစ်စုံတစ်ယောက်အားလည်း ကောင်း တစ်သက်လုံး တစ်ကြိမ်တစ်ခါ၊ တစ်ခွန်း တစ်ပါဒမျှ ဖွင့်ပြောပြဖူးခြင်းမရှိသည်ကား မှန်ပါသည်။ တစ်သက်လုံးမပြောဘဲ မြုံထားခဲ့ပါလျက် ယခုမှထည့်ရေးရခြင်းမှာ ကျွန်ုပ်၏စိတ်ပြောင်းလဲပုံအခြင်းအရာများကို ပြည့်စုံအောင်ဖော်ပြမည်ဟု ဖော်ထုတ်ကြေညာထားခဲ့သည့်အတိုင်း လူသဘာဝကို တင်ပြလိုသောကြောင့် ဖြစ်ပါသည်။ ၁၉၃၀ ခုနှစ် ပဲခူးမြို့ လျင်ကြီးတွင် ကျွန်ုပ်တို့အိမ်သားအားလုံး သည် (မိခင်လည်းပါသည်။) အိမ်ပေါ်မှ ဆင်းပြေးကြ၍ လမ်းမကြီးပေါ်၌ လေးဖက်ထောက်သူထောက်၊ ဝမ်းလျားမှောက်သူမှောက်ရှိနေကြစဉ် ကျွန်ုပ်သည် လှိုင်းများသဖွယ် အလိပ်အလိပ်ထလျက်ရှိသော မြေကြီးကိုမြင်ရ၍ အားမငယ်စဖူးအားငယ်မိသည်။ အားငယ်ခြင်းကား အခိုင်မာဆုံးဟူ၍ စိတ်ချယုံကြည်ထားသည့် မဟာပထဝီမြေကြီးကိုယ်နှိုက်က ဤကဲ့သို့လှုပ်ခါနေလျှင် ငါသည်အဘယ်မှာ နေစရာရှိတော့အံ့နည်းဟူသော စိတ်ကူးဝင်လာခြင်းကြောင့်ဖြစ်၏။ ထိုညကလည်း ကျွန်ုပ်နှင့်နှမလေးတို့အား ချစ်ခင်မှုနှင့်ပတ်သက်၍ လုံးဝ ဒွိဟသံသယမရှိခဲ့ဖူးသဖြင့် အလုံးစုံယုံကြည်အားကိုးသော မိဘနှစ်ပါးကိုယ်တိုင်က နှမလေးအား (ကျွန်ုပ်၏အထင်အရ) ရက်စက်စွာပြုမူခြင်းကို မျက်စိနှင့်ကိုယ်တိုင်မြင်ရသော အခါ ရင်ထဲ၌ဆို့၍ ခိုကိုးရာမဲ့ဖြစ်သွားခဲ့ရပါသည်။ ကျွန်ုပ်ပြောရဲပါသည်။ မိဘနှစ်ပါးအပေါ်၌ ကျွန်ုပ် စိတ်နာခြင်းလည်းမဟုတ်၊ စိတ်ဆိုးခြင်းလည်းမဟုတ်၊ စိတ်ထဲ၌ အကြီးအကျယ်အံ့အားသင့်၍ 'ဘယ့်နယ်ပါလိမ့်၊ ဘယ်လိုပါလိမ့်' အစရှိသဖြင့် အထပ်ထပ် မေးကာ အကြီးအကျယ်စိတ်အားငယ်မိခြင်းမျှသာ ဖြစ်ပါသည်။ ဤအတွက်ကြောင့် ကျွန်ုပ်၏ဘဝ၌ ဆူးတစ်ချောင်းထပ်၍ပေါက်လာခြင်းကား အမှန်ဖြစ်ပါသည်။

စိတ်တိုစပြုခြင်း

နောက်တစ်နေ့နံနက် ကျွန်ုပ်အိပ်ရာမှထသော အခါ နွားနို့သည်ပုဏ္ဏားမရောက်နေလေပြီ။ မကြာသေးမီက ကျွန်ုပ်အနည်းငယ် မကျန်းမမာဖြစ်သည်နှင့် ဦးလေးတစ်ယောက်က ကြက်ဖြူလေးတစ်ကောင် ခမည်းပေးထားရာ ကျွန်ုပ်သည် ကြက်ဖြူလေးကို အလွန်ချစ်၍ တပွေ့ပွေ့တပိုက်ပိုက်နှင့် ကစားလေ့ရှိ၏။ မကျန်းမမာပြီးခါစဖြစ်၍ မိဘများသည် ကျွန်ုပ်အား နေ့တိုင်း နွားနို့အဝက်သား သောက်စေရာ ပုဏ္ဏားမထံမှ နံနက်တိုင်း နွားနို့ယူရန်မှာ ကျွန်ုပ်၏တာဝန်ဖြစ်၏။ ကျွန်ုပ်သည် ပုဏ္ဏားမကိုမြင်၍ နွားနို့ထည့်ရန် ဇလုံကိုယူပြီးလျှင် ပုဏ္ဏားမရှေ့၌ ချထား၍ မျက်နှာသစ်စဉ် ပုဏ္ဏားမသည် နွားနို့ကို ခြင်ထည့်ပြီး နောက် ထွက်သွား၏။ ကျွန်ုပ်သည် မျက်နှာသစ်ပြီး နောက် နွားနို့ဇလုံရှိရာသို့ လျှောက်လာရာ ကြက်ဖြူလေးသည် ဇလုံထဲမှ နွားနို့ကိုနှုတ်သီးဖြင့် နှစ်ကာသောက်နေသည်ကိုတွေ့ရ၏။ ဤတွင် ကျွန်ုပ်သည် ကြက်လေးကိုဖမ်း၍ မြေကြီးပေါ်သို့ ပေါက်လိုက်ရာ မသေသော်လည်း ဆန့်ငင်ဆန့်ငင်နှင့် အတန်ကြာ ခံရရှာသည်။ မိဘများသည် ကျွန်ုပ်၏ရက်စက်သော အပြုအမူကိုမြင်ကြ၍ အံ့အားသင့်ကာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြ၏။ လူကိုသော်လည်းကောင်း၊ တိရစ္ဆာန်ကိုသော်လည်းကောင်း ရက်ရက်စက်စက်ပြုလုပ်ခြင်းမှာ ဤအကြိမ်သည် ပထမအကြိမ်ဖြစ်သည်ဟု မိခင်က ပြော၍ 'ကြက်လေးသောက်လို့ ဘယ်လောက်ကုန်သွားမှာလဲ သားရယ်' ဟုဆို၏။ ကျွန်ုပ်ပြုလိုက်ခြင်းမှာ မိခင်ထင်သည့်အတိုင်း နွားနို့ကို နှမြောသောကြောင့်ပေလော၊ ယမန်နေ့ညက နှမလေး၏ဖြစ်အင်ကို မြင်ရသဖြင့် စိတ်တိုလျက်ရှိသောကြောင့် ပေလော သို့တည်းမဟုတ် ထိုအကြောင်းနှစ်ရပ်ပေါင်းစပ်ခြင်းကြောင့်ပေလော မပြောနိုင်အောင်ရှိပါသည်။

ဆက်လက်ဖော်ပြပါမည်။

ပန်းတနော်မြို့နယ်၌ ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်သဖြင့် စိုက်ပျိုးသူများဝင်ငွေရရှိနေ

ပန်းတနော် ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ကောက်ရိုးမှိုများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်သဖြင့် စိုက်ပျိုးသူများ ဝင်ငွေရရှိနေကာ အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ်ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောဆိုချက်အရ သိရသည်။

ပန်းတနော်မြို့နယ်၌ ဒီဇင်ဘာလ တတိယပတ်မှစတင်ပြီး ဒေသထွက် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် ပိသာ ၁၀၀ မှ ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ မှိုက ချပ်စက္ကူတွေ၊ ကောက်ရိုးတွေနဲ့ စိုက်ပျိုးတဲ့မှိုတွေဖြစ်ပါတယ်။ လက်ရှိ တောင်သူတွေစိုက်ထားတဲ့မှိုတွေ စတင်ပေါ်နေပါပြီ။ အခုလို မှိုတွေပေါ်တဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေဈေးရသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာတာတွေ့ရပါတယ်။ ဒီနှစ် မှိုဈေးကောင်းရတာက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ပါ'' ဟု ဒေါ်နီနီဝင်းကပြောသည်။

ပန်းတနော်မြို့နယ်ရှိ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကောက်ရိုးမှိုအပါအဝင် တခြားရာသီပေါ်သီးနှံများလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါမှိုများကိုဒေသခံတောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးကြသည်။

ထိုသို့ ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်မှုကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာပြီး ကောက်ရိုးမှိုစိုက်ပျိုးသူများလည်း ဝင်ငွေရရှိကာ အဆင်ပြေလာကြောင်း သိရသည်။

သုတကျော်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင်လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၃၀

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီတွင် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံးသို့ရောက်ရှိရာ အိန္ဒိယသံရုံးမှပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံး အကြီးအကဲ မစ္စ ရီတူ ရာဒျဲဗ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည်အိန္ဒိယသံရုံးမှပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံးအကြီးအကဲ မစ္စ ရီတူ ရာဒျဲဗ်နှင့်တာဝန်ရှိသူများအား ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်းကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်း သတင်းစကားအားပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဒေါက်တာမန်မိုဟန်ဆင်းသည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)



ဇမ္ဗူသီရိမြို့နယ်အတွင်း အမှုထမ်းအိမ်ရာများ၊ အပျိုဆောင်/လူပျိုဆောင်များတည်ဆောက်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာများနှင့် အပျိုဆောင်/လူပျိုဆောင်များဆောက်လုပ်ရေးလုပ်ငန်းခွင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် (၂၂၂ ပေ x ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ အပျိုဆောင်တစ်လုံးတည်ဆောက်နေမှုနှင့် အမှုထမ်းအိမ်ရာခြောက်ခန်းတွဲလေးထပ်သံကူကွန်ကရစ်အဆောက်အအုံ တစ်လုံးတည်ဆောက်နေမှု အခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်း နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်နေသည့် အမှုထမ်းအိမ်ရာခြောက်ခန်းတွဲလေးထပ် (2-Bed) သံကူကွန်ကရစ်အဆောက်အအုံကိုးလုံးတည်ဆောက်နေမှု၊ ဘောဂသိဒ္ဓိရပ်ကွက်အတွင်း (၂၂၂ ပေ x ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ လူပျိုဆောင်တစ်လုံးတည်ဆောက်နေမှု၊ (၂၂၂ ပေ x ၄၄ ပေ) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ အပျိုဆောင်နှစ်လုံးတည်ဆောက်နေမှု အခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့်လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



ယင်းနောက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမျိုးသားပရဆေးဥယျာဉ်သို့သွားရောက်၍ ပရဆေးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆေးဖက်ဝင်ပရဆေးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားပရဆေးဥယျာဉ်အား ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာဆိုင်ရာဗဟုသုတရရှိစေပြီး အပန်းပြေစေနိုင်သည့်ဥယျာဉ်ကြီးတစ်ခုဖြစ်စေရေး ဆောင်ရွက်သွားရန်၊ သန့်ရှင်းသာယာလှပရေးကို အမြဲမပြတ်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)



လွတ်လပ်ပြီးတဲ့နောက်

ဗမာတွေလွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကိုမလုပ်ရဘဲ ကဖျက်ယဖျက် သမားတွေရဲ့နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနှင့်သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေး ရတာဟာ အဓိပ္ပာယ်ကိုရှိမှာမဟုတ်တော့ဘူး။

(၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ ညနေ ၆ နာရီ ၃၃ မိနစ်အချိန်တွင် အသံလွှင့်ဌာနမှနေ၍ ပိုလ်ချုပ်အောင်ဆန်း တိုင်းပြည်ကိုအသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

၅.၄.၁၉၄၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၃၀



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာန အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ၌ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများအနေဖြင့် တံခွန်စိုက်ဆုဖလားရယူပေးနိုင်ခဲ့ကြသည့်အတွက် ဝမ်းသာဂုဏ်ယူပီတိဖြစ်ရကြောင်း၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဝန်ကြီးဌာန စံချိန်သစ်နှင့် မြန်မာပြည်စံချိန်သစ်များတင်နိုင်ခဲ့သည့်အတွက်လည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားကစားအောင်မြင်မှုနှင့် နှိုင်းယှဉ်သုံးသပ်နိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့၏ကြိုးစားမှုရလဒ်များက ကာကွယ်ရေးဝန်ကြီးဌာနအတွက်၊ တပ်မတော်အတွက် ဂုဏ်မြင့်စေသကဲ့သို့ ဝန်ကြီးဌာနအဆင့်မှသည် နိုင်ငံတော်က အားကိုးအားထားပြုရသည့် အားကစားသမားကောင်းများဖြစ်အောင်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းသည် နိုင်ငံတော်အတွက် ဖြစ်သည်ဆိုသည့် စိတ်ဓာတ်ကိုမွေးမြူပြီး ဆက်လက်ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဆုရအားကစားအသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ပြီး အောင်ပွဲရအားကစားအသင်းများမှ လွဲပြောင်းပေးအပ်သည့် တံခွန်စိုက်ဆုဖလားကြီးအား လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အောင်ပွဲရအားကစားသမားများကို ဂုဏ်ပြုလက်ဖက်ရည်ပိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများအနေဖြင့်ဝန်ကြီးဌာနပေါင်းစုံ အားကစားနည်း ခြောက်မျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၄ ခု၊ ငွေ ၁၀ ခု၊ ကြေး ၁၀ ခု စုစုပေါင်း ဆုတံဆိပ် ၃၄ ခု ဆွတ်ခူးရရှိခဲ့၍ ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဆုဖလားရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ် ဓနုံချောင်းကျေးရွာ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးသင်တန်းကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၃၀



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့် အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ဓနုံချောင်းကျေးရွာသို့သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်တန်းပို့ချဆောင်ရွက်ပေးလျက်ရှိသည့် ဒေသထွက်ကုန်ကွမ်းသီးဖတ်မှ တန်ဖိုးမြင့် လူသုံးပစ္စည်းများ ထုတ်လုပ်ရေးသင်တန်းသို့ ကြည့်ရှုအားပေးသည်။

မြောင်းမြမြို့နယ်တွင် ကွမ်းသီးစိုက်ဧက ၁၄၄၆ ရှိပြီး ဓနုံချောင်းအုပ်စုအတွင်း၌ ၇၅ ဒသမ ၇၀ ဧက စိုက်ပျိုးထားပြီးဖြစ်ရာ ကွမ်းသီးဖတ်သည် စွန့်ပစ်ပစ္စည်းအနေဖြင့်သာရှိနေသောကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်အစားထိုးသုံးစွဲနိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များမှ ဝင်ငွေရရှိရေးတို့အတွက် သင်တန်းပို့ချပေးခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကို ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နေသော M Treasure ကုမ္ပဏီနှင့် ချိတ်ဆက်၍လည်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဓနုံချောင်းကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ မိမိတို့ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်၊ မိုးစပါး၊ နွေစပါးနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားပြီး ဓနုံချောင်းကျေးရွာအဝင်လမ်းပြုပြင်ဖောက်လုပ်ပေးရေးတင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲကျင်းပ



မော်လမြိုင် ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ပထမအကြိမ် စီးပွားရေးဆိုင်ရာဟောပြောပွဲနှင့် ကုန်စည်ပြပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်တက္ကသိုလ် ကျောင်းသူလေးများက မွန်တိုင်းရင်းသားရိုးရာအကအလှများဖြင့်လည်းကောင်း၊ မွန်တိုင်းရင်းသားတေးသံရှင်များက မွန်တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်မွန်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ပြည်နယ်အတွက် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်အောင်နှင့်ဒေသထွက်ကုန်စည်များကို ပြည်နယ်တွင်သာမကနိုင်ငံတကာသို့ပါ ထိုးဖောက်နိုင်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်စည်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကာ မွန်လုပ်ငန်းရှင်များအသင်း၊ စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များကစီးပွားရေးဆိုင်ရာများ ဟောပြောဆွေးနွေးကြကြောင်းသိရသည်။

(၄၀၆)

ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧက အကောင်အထည်ဖော် စိုက်ပျိုးထားရှိ

မင်းဘူး ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေး၊ ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် နေကြာသီးနှံကို တောင်သူအချင်းချင်း မျိုးသန့်ပွားသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနေကြာသီးနှံမျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧကကို ဒေသခံအကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံအကျိုးဆောင်တောင်သူများပူးပေါင်းပြီး ဒေသခံတောင်သူ ၁၃ ဦးဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက်ဆောင်းနေကြာသီးနှံမျိုးစေ့ထုတ်စိုက်ခင်းအဖြစ် ဆင်းရွေကြာ-၂ ဧက ၃၀ နှင့် ရေဆင်းမျိုး-၁ ၁၅ ဧက စုစုပေါင်း ၄၅ ဧကကို အကောင်အထည်ဖော်စိုက်ပျိုးထားကြောင်း၊ ဆောင်းနေကြာသီးနှံမျိုးစေ့ထုတ်စိုက်ခင်းဆောင်ရွက်သည့် အကျိုးဆောင်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးသွင်းအားစုအနေဖြင့် ဆင်းရွေကြာ-၂ မျိုးစေ့တစ်ဧကလျှင် 3 Kg နှုန်း၊ ရေဆင်းမျိုး-၁ မျိုးစေ့တစ်ဧကလျှင် အဖို 1 Kg နှင့် အမ 3 Kg နှုန်း ပံ့ပိုးပေးထားသည့်အပြင် ယူရီးယားဓာတ်မြေဩဇာတစ်ဧကလျှင် 50 Kg တစ်အိတ်နှုန်းကို ဌာနမှသတ်မှတ်စျေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးလင်းကပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အဆိုပါ နေကြာမျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧက အပါအဝင် ဆောင်းနေကြာသီးနှံကို မျိုး၊ မြေ၊ ရေ၊ စိုက်နည်းတို့ကို အခြေခံ၍ သီးသန့်၊ သီးထပ်၊ သီးညှပ် စိုက်ခင်းများအဖြစ် ဧက ပေါင်း ၂၉၇၈၈ ဧကအထိ တိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ဇီးကုန်း ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သစ်ဖြူကွင်းကျေးရွာနှင့် ကရင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ဒီဇင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များက သစ်ဖြူကွင်းကျေးရွာနှင့် ကရင်ကုန်းကျေးရွာတို့၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးကဆောင်ရွက်ပြီးလုပ်ငန်းများအား အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားသည်။

ဇီးကုန်းမြို့နယ် သစ်ဖြူကွင်းကျေးရွာနှင့် ကရင်ကုန်းကျေးရွာတို့၌ အရှည် ပေ ၈၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ တစ်နာရီရေသန့်ဂါလန်၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၆၂၃ သန်း ဖြင့် ဇွန်လ ၂၀ ရက်မှစတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၁၈၇ အိမ်မှ လူဦးရေ ၇၂၆ ဦးတို့၏ သွားလာရေးလွယ်ကူနေပြီး သန့်ရှင်းသောသောက်ရေများကို ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး



မီးဘေးသင့် မိသားစုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများနှင့်ပံ့ပိုးငွေများပေးအပ်

မြိတ် ဒီဇင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ရွှေပေးကျေးရွာ မြို့ပတ် ၁ လမ်း ဝါဆိုဦး ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် မြိတ်ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက မီးဘေးသင့် နေအိမ်မှ မိသားစုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ပံ့ပိုးငွေများကို ပေးအပ်ကြောင်း သိရသည်။

ထိုသို့ ပေးအပ်ရာတွင် မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များနှင့် အတူ ယခုလ ၂၂ ရက်တွင် မီးလောင်မှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးခဲ့ကြသည့် လူနေအိမ်အိမ်ထောင်စုလေးစုမှ မိသားစုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများ ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးပံ့ပိုးငွေများကို မိသားစုများလက်ဝယ် အရောက်ပေးအပ်သည်။

အဆိုပါ မီးဘေးသင့်မိသားစုဝင်များသည်လက်ရှိတွင် ရွှေပေးကျေးရွာ ဝါဆိုဦးဘုန်းတော်ကြီးကျောင်းတိုက်၌ ယာယီတည်းခိုနေထိုင်လျက်ရှိပြီး ရွာသူရွာသားများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များက လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၁၂)

ရွာငံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

ရွာငံ ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ပါယ်ကင်းကျေးရွာနှင့် ပိန္နဲကုန်းကျေးရွာတို့၌ ကျင်းပသည်။

ရှေးဦးစွာ ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ရန်ပုံငွေများထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တက်ရောက်လာသော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပါယ်ကင်းကျေးရွာ၌ အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ရန်ပုံငွေကျပ် ၆၅ ဒသမ ၆ သန်းနှင့် ပိန္နဲကုန်းကျေးရွာတွင်အသင်းသား၊အသင်းသူ ၁၃၉ ဦးကို ငွေကျပ် ၆၃ ဒသမ ၄၅ သန်းထုတ်ချေးပေးကြောင်းသိရသည်။ **မောင်ခိုင်**

ခရမ်းချဉ်သီး၏ကျန်းမာရေးကောင်းကျိုးများ

ဒေါက်တာလွင်သန့်



ခရမ်းချဉ်သီးက ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိစေပါတယ်။ ခရမ်းချဉ်သီးစားတဲ့အခါ အစေ့တွေမဖယ်ထုတ်ဘဲ စားသင့်တဲ့အကြောင်းရင်းက ခရမ်းချဉ်သီးအစေ့မှာ ကျန်းမာရေးကို အထောက်အကူပြုစေနိုင်တဲ့ကောင်းကျိုးတွေများစွာရှိနေတာကြောင့်ဖြစ်ပါတယ်။ ခရမ်းချဉ်သီးမှာ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်အပါအဝင် တခြားအာဟာရဓာတ်တွေ များစွာပါဝင်ပြီး ခန္ဓာကိုယ်ကို တိုက်ခိုက်စေနိုင်တဲ့ရောဂါတွေမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ပါတယ်။

သွေးတွင်း ကိုလက်စထရောကို လျော့နည်းစေပါတယ်။ သွေးတွင်းကိုလက်စထရောကြောင့် ဖြစ်လာနိုင်တဲ့ ကျန်းမာရေးပြဿနာတွေအများကြီးရှိပါတယ်။ စားသောက်မှုပုံစံနဲ့ နေထိုင်မှုပုံစံတွေက သွေးတွင်းကိုလက်စထရောပမာဏကို အများကြီးသက်ရောက်မှုဖြစ်စေပါတယ်။ သွေးတွင်းကိုလက်စထရောများတဲ့သူတွေအနေနဲ့ ခရမ်းချဉ်သီးအစေ့စားသင့်ပါတယ်။ ခရမ်းချဉ်သီးအစေ့မှာ အမျှင်ဓာတ်နဲ့ နိုင်ယာစင်ဓာတ်တွေပါဝင်ပြီး သွေးတွင်းမကောင်းတဲ့ ကိုလက်စထရောပမာဏကို လျော့နည်းစေပါတယ်။

သွေးခဲဖတ်ဖြစ်ပေါ်မှုမှ ကာကွယ်ပေးပါတယ်။ သွေးကြောထဲမှာ သွေးခဲတာ၊ အဲဒီသွေးခဲဖတ်ကနေ ပြုတ်ထွက်ပြီး သွေးစီးကြောင်းနဲ့အတူ ခန္ဓာကိုယ်ရဲ့ တခြားအစိတ်အပိုင်းတွေကို ရောက်ရှိသွားတာက အသက်အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ခရမ်းချဉ်သီးအစေ့ကို ဖုံးအုပ်ထားတဲ့အခွံလွှာမှာ အင်တီအောက်စီးဒင့်အာနိသင်ရှိတဲ့ လိုင်ကိုပင်း (Lycopene) ပါဝင်ပြီး သွေးကြောထဲမှာ သွေးခဲဖတ်မဖြစ်အောင် တားဆီးပေးနိုင်ပါတယ်။ ခရမ်းချဉ်သီးအစေ့ စားသုံးတာကြောင့် သွေးခဲဖတ်ဖြစ်ပေါ်မှုကို ၇၂ ရာခိုင်နှုန်း လျော့နည်းစေပါတယ်။

သွေးဖိအားကို လျော့နည်းစေပါတယ်။ ခရမ်းချဉ်သီးအစေ့က သွေးဖိအားကို သဘာဝနည်းလမ်းနဲ့ လျော့နည်းစေပါတယ်။ ခရမ်းချဉ်သီးအစေ့ထဲမှာပါဝင်တဲ့ လိုင်ကိုပင်းက သွေးဖိအားကို ထိထိရောက်ရောက်လျော့နည်းစေပြီး ပုံမှန်သွေးဖိအားအတိုင်းရှိနေအောင် ထိန်းချုပ်ပေးပါတယ်။

အရိုးတွေကျန်းမာစေပါတယ်။ ခရမ်းချဉ်သီးအစေ့မှာ ဗီတာမင် K နဲ့ ကယ်လ်စီယမ်ဓာတ်တွေ များစွာပါဝင်ပါတယ်။ အဲဒီအာဟာရဓာတ်တွေကလည်း အရိုးကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အာဟာရဓာတ်တွေဖြစ်ပါတယ်။ ဗီတာမင် K က အရိုးတွေသန်စွမ်းကျန်းမာစေဖို့ ကူညီပေးပြီး ကယ်လ်စီယမ်က အရိုးကျန်းမာစေဖို့ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့ပြင် ခရမ်းချဉ်သီးအစေ့ထဲမှာ အော်စတီကိုကယ်လင်း (Osteocalcin) ပါဝင်ပြီး အရိုးကျန်းမာစေဖို့အထောက်အကူဖြစ်စေပါတယ်။

ခရမ်းချဉ်သီးအစေ့မှာပါဝင်တဲ့ အင်တီအောက်စီးဒင့်က ဓာတ်တိုးပစ္စည်းတွေကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုတွေကို လျော့နည်းစေပါတယ်။ ခရမ်းချဉ်သီးအစေ့ထဲမှာပါဝင်တဲ့ လိုင်ကိုပင်းနဲ့ဘီတာကယ်ရိုတင်းတွေက ရောင်ရမ်းမှုတွေကိုလျော့နည်းစေပါတယ်။

အမြင်အာရုံ ကြည်လင်စေပါတယ်။ ခရမ်းချဉ်သီးအစေ့မှာ ဗီတာမင် A ပါဝင်လို့ မျက်လုံးကိုအာဟာရဖြစ်စေပါတယ်။ မုန်လာဥနီနဲ့ ခရမ်းချဉ်သီးအစေ့တို့မှာ ဗီတာမင် A များစွာပါဝင်တာကြောင့် မျက်လုံးကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပါတယ်။

ခုခံစွမ်းအားကို မြှင့်တင်ပေးပါတယ်။ ခရမ်းချဉ်သီးအစေ့မှာပါဝင်တဲ့ အင်တီအောက်စီးဒင့်က ခန္ဓာကိုယ်ရဲ့ခုခံစွမ်းအားကိုမြှင့်တင်ပေးပါတယ်။ ခုခံအားစနစ်မြင့်မားနေတာကြောင့် ရောဂါပိုးမွှားတွေ မဝင်ရောက်နိုင်အောင် တားဆီးပေးပါတယ်။

ဗီတာမင် B6၊ ပိုတက်ဆီယမ်နဲ့ ဖောလိတ်ဓာတ်တွေပါဝင်ပြီး နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ သွေးဖိအားလျော့နည်းစေပြီး သွေးကြောတွေပျက်စီးမှုကနေ ကာကွယ်ပေးတာကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့နည်းသွားစေပါတယ်။ ခရမ်းချဉ်သီးကို အစေ့မဖယ်ဘဲ နေ့စဉ်ပုံမှန်စားသုံးပေးမယ်ဆိုရင် နှလုံးတိုက်ခိုက်ခံရနိုင်ခြေနဲ့ လေဖြတ်နိုင်ခြေကို လျော့နည်းသွားစေပါတယ်။

ဆဲလ်ပျက်စီးမှုမှ ကာကွယ်ပေးပါတယ်။ ဓာတ်တိုးပစ္စည်းတွေက ခန္ဓာကိုယ်မှာရှိတဲ့ဆဲလ်တွေကိုဖျက်ဆီးပြီး ကင်ဆာရောဂါဖြစ်ပေါ်စေပါတယ်။ ခရမ်းချဉ်သီးအစေ့မှာပါဝင်တဲ့လိုင်ကိုပင်းက ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိပြီး ဆဲလ်တွေကို ဖျက်ဆီးမယ့် ဓာတ်တိုးပစ္စည်းတွေကို တိုက်ထုတ်ပေးပါတယ်။

"အရိုးတွေကျန်းမာစေပါတယ်။ ခရမ်းချဉ်သီးအစေ့မှာ ဗီတာမင် K နဲ့ ကယ်လ်စီယမ်ဓာတ်တွေ များစွာပါဝင်ပါတယ်။ အဲဒီအာဟာရဓာတ်တွေကလည်း အရိုးကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အာဟာရဓာတ်တွေဖြစ်ပါတယ်။ ဗီတာမင် K က အရိုးတွေသန်စွမ်းကျန်းမာစေဖို့ မရှိမဖြစ်လိုအပ်တဲ့ အော်စတီကိုကယ်လင်း (Osteocalcin) ပါဝင်ပြီး အရိုးကျန်းမာစေဖို့အထောက်အကူဖြစ်စေပါတယ်. . ."

အက်စပရင်ဆေး(Aspirin)အစားထိုးသုံးနိုင်ပါတယ်။ သွေးလည်ပတ်စီးဆင်းမှုကောင်းစေဖို့ အက်စပရင်ဆေးကိုသုံးစွဲလေ့ရှိကြပါတယ်။ အက်စပရင်ဆေးကိုသုံးစွဲတဲ့အခါ သူ့ရဲ့ဘေးထွက်ဆိုးကျိုးမရှိတဲ့ ခရမ်းချဉ်သီးအစေ့ကို အစားထိုးသုံးစွဲနိုင်ပါတယ်။ လေ့လာမှုတွေအရ ခရမ်းချဉ်သီးအစေ့ကိုစားသုံးပြီး သုံးနာရီအတွင်း သွေးလည်ပတ်စီးဆင်းမှုကောင်းမွန်စေပါတယ်။

နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးပါတယ်။ ခရမ်းချဉ်သီးအစေ့ထဲမှာ ခရမ်းချဉ်သီးစားသုံးရင် အသားအရေလှတယ်ဆိုတဲ့အချက်ကို လူတိုင်းနီးပါးသိကြပါတယ်။ ခရမ်းချဉ်သီးမှာ ဗီတာမင် A၊ B၊ C၊ K တို့ပါဝင်တာကြောင့် အဆီပြန်တဲ့ပြဿနာကိုထိန်းညှိပေးပါတယ်။ ဝက်ခြံတွေဖယ်ရှားပေးနိုင်တဲ့အပြင် အသားအရေစိုပြည်စေပြီး ချွေးပေါက်တွေကိုကျဉ်းစေပါတယ်။ ခရမ်းချဉ်သီးမှာ အနီရောင်ကိုဖြစ်စေတဲ့ လိုင်ကိုပင်း ရောင်ခြယ်ပစ္စည်းပါဝင်တာကြောင့် ခရမ်းချဉ်သီးစားသုံးရင် အသားအရေလှပစေတဲ့အပြင် နှလုံးနဲ့ဆုံးပင်တို့ကိုပါ ကျန်းမာစေပါတယ်။

ခရမ်းချဉ်သီးမှာပါဝင်တဲ့ ဗီတာမင် A က ဆံပင်ကိုနက်မှောင်သန့်စွမ်းစေတဲ့အပြင် ဆံပင်အရောင်မွဲခြင်း၊ ကျွတ်ခြင်း၊ အဖျားနှစ်ခွဖြစ်ခြင်း တို့အတွက်လည်း သင့်တော်ပါတယ်။ နေ့စဉ်ပုံမှန်စားသုံးပါက အသားအရေလှပစေပါတယ်။

ခရမ်းချဉ်သီးမှာ လိုင်ကိုပင်းဓာတ်အများအပြားပါဝင်တာကြောင့် အသားအရေကို နေလောင်ဒဏ်ကနေကာကွယ်ပေးနိုင်ပြီး နေလောင်ဒဏ်ရာတွေကိုလည်း သက်သာပျောက်ကင်းစေဖို့ အထောက်အကူပေးနိုင်ပါတယ်။ ခရမ်းချဉ်သီးမှာ ဓာတ်တိုးဆန့်ကျင်အာနိသင်နဲ့ သွေးတွင်းရှိ အဆိပ်အတောက်တွေကို အထိရောက်ဆုံးဖယ်ရှားပေးနိုင်တဲ့ ဗီတာမင် A နဲ့ ဗီတာမင် C ကြွယ်ဝစွာပါဝင်နေလို့ ခရမ်းချဉ်သီးကိုအစိမ်းစားပါက ဓာတ်တိုးပစ္စည်းတွေကြောင့် ထိခိုက်မှုမရှိအောင် ကာကွယ်ပေးနိုင်ပါတယ်။

ကင်ဆာရောဂါကို ကာကွယ်ပေးပါတယ်။ ခရမ်းချဉ်သီးမှာ လိုင်ကိုပင်းပါဝင်လို့ ဆီးကျိတ်ကင်ဆာ၊ အူမကြီးကင်ဆာနဲ့ အစာအိမ်ကင်ဆာတွေမဖြစ်အောင် ကာကွယ်ပေးနိုင်တဲ့အပြင် ကင်ဆာဆဲလ်တွေ ပွားများလာမှုကိုလည်း အကောင်းဆုံးကာကွယ်ပေးနိုင်ပါတယ်။

ခရမ်းချဉ်သီးအစေ့စားခြင်းက ကောင်းကျိုးတွေရှိသလို ဘေးထွက်ဆိုးကျိုးလည်းရှိပါတယ်။ ခွဲစိတ်မှုခံယူထားသူတွေမှာ သွေးနဲ့ပတ်သက်တဲ့ပြဿနာတွေဖြစ်လာနိုင်တာကြောင့် ခရမ်းချဉ်သီးအစေ့ကိုမစားသင့်ပါဘူး။ ခရမ်းချဉ်သီးအစေ့မှာ သွေးကျဲစေတဲ့အာနိသင်ရှိတာကြောင့် သွေးခဲတဲ့ဖြစ်စဉ်တွေကိုအနှောင့်အယှက်ဖြစ်စေပါတယ်။

ကျောက်ကပ်မှာ ကျောက်ရှိတဲ့သူနဲ့ တခြားဝေဒနာရှိသူတွေအနေနဲ့ ခရမ်းချဉ်သီးစားသုံးတဲ့အခါ အစေ့တွေကို ထည့်မစားသင့်ပါဘူး။ အထူးသဖြင့် ခရမ်းချဉ်သီးအစိမ်းရဲ့အစေ့တွေက အစာချေဖျက်ရခက်ခဲတာကြောင့် ကျောက်ကပ်မှာ ကျောက်ရှိသူတွေအတွက် စားသုံးမယ်ဆိုရင် အန္တရာယ်ရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။ ။

ကလောမြို့၌ နှစ်သစ်ကူးဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ

ကလော ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့မြို့နယ်အားကစားကွင်း၌ ဒီဇင်ဘာလ ၃၀ ရက်တွင် နှစ်သစ်ကူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ နှစ်သစ်ကူးဈေးရောင်းပွဲတော်ဆိုင်းဘုတ်အား ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်နှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါနှစ်သစ်ကူးဈေးရောင်းပွဲတော်ကို ညီနောင်မိတ်ဆွေကုမ္ပဏီမှ ဦးဆောင်၍ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများရောင်းချလျက်ရှိပြီး အပျော်စီးပင်လယ်ဓားပြ၊ ချားရဟတ်၊ DJ အဖွဲ့နှင့် အဆိုတော်များပါဝင်ကြောင်း သိရသည်။

နှစ်သစ်ကူးဈေးရောင်းပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကလောမြို့သို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအနေဖြင့် ကလောနီးဘုရား၊ ရွှေဥမင်သဘာဝလိုဏ်ဂူ၊ မြင်းမထိသဘာဝလိုဏ်ဂူ၊ သူရဲဥမင်လိုဏ်ဂူ၊ ကလောဘူတာ၊ နာရီစင်၊ ကလောမြို့မဈေးနှင့် Kalaw View Point၊ ရေယောင်းမ View Point၊ Kalaw City View၊ တောင်မင်းကြီးခုံပြာ၊ မြင်းကအိုးစည်တောင်၊ ဗျိုက်တောင်တို့သို့ လာရောက်လည်ပတ်လေ့ရှိကြောင်း သိရသည်။

ချမ်းမြေ



လေ့လာမှတ်သားစရာ စီးပွားရေးဝေါဟာရများ(အပိုင်း-၁)

စောနိုင်(အသုံးချဘောဂဗေဒ)

ငွေကြေးဝယ်နိုင်စွမ်းအား (Purchasing Power)

ငွေကြေးဝယ်နိုင်စွမ်းအား (Purchasing Power) ဆိုတာ ကျောင်းသင်ခန်းစာထဲက သဘောတရားဆိုပေမယ့် နေ့စဉ်လူနေမှုဘဝနဲ့တော့ အလှမ်းသိပ်မဝေးပါဘူး။ လွယ်လွယ်ကူကူတွေးတောပြီး သိလွယ်တဲ့ သဘောတရားတစ်ခုပါ။ ဒါကြောင့် ငွေကြေးဝယ်နိုင်စွမ်းအားဆိုတာ ဘာလဲလို့မေးလာရင် ငွေကြေးတစ်ရပ်နဲ့ ကုန်စည်၊ ဝန်ဆောင်မှုတွေကိုဝယ်ယူနိုင်တဲ့ စွမ်းရည်ဖြစ်ပြီး ငွေကြေးရဲ့တန်ဖိုး (Value of Money) လို့လည်းခေါ်တယ်လို့ဆိုနိုင်တဲ့အရာဖြစ်ပါတယ်။ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရပြောရရင်တော့ ငွေကြေးတစ်ယူနစ်နဲ့ ကုန်စည်၊ ဝန်ဆောင်မှုတွေကို ဝယ်ယူနိုင်တဲ့ပမာဏပါပဲ။

ဒီနေရာမှာစဉ်းစားစရာရှိလာပါတယ်။ ငွေကြေးတန်ဖိုးဆိုတာ အဲဒီငွေကြေးရဲ့ပင်ကိုတန်ဖိုးကိုပြောတာလား။ အခြားငွေကြေးတစ်မျိုးနဲ့ နှိုင်းယှဉ်ပြီးမှ ရလာတဲ့အခြေအနေကိုပြောတာလားဆိုတာကို ကွဲကွဲပြားပြားသိဖို့လိုပါတယ်။ စီးပွားရေးအဆောက်အအုံတစ်ခု သို့မဟုတ် နိုင်ငံတစ်ခုရဲ့အတွင်းမှာရှိတဲ့ ငွေကြေးတစ်ရပ်ရဲ့တန်ဖိုးကို အဲဒီတိုင်းပြည်ထဲမှာရှိတဲ့ ကုန်စည်နဲ့ဝန်ဆောင်မှုတွေကို ဝယ်ယူနိုင်တဲ့ ပမာဏပေါ်မူတည်ပြီးပြောရင် အဲဒီငွေကြေးရဲ့ ပြည်တွင်းငွေတန်ဖိုးဖြစ်ပြီး ကိုယ့်နိုင်ငံနှင့်အချိတ်အဆက်တွေရှိနေတဲ့ နိုင်ငံခြားငွေကြေးတန်ဖိုးတွေနှင့် နှိုင်းယှဉ်ပြီးပြောရင် အဲဒီငွေကြေးရဲ့ နိုင်ငံတကာနှိုင်းယှဉ်တန်ဖိုးလို့ပြောလို့ရပါတယ်။ အခုပြောနေတာဟာ ငွေကြေးရဲ့ ပြည်တွင်းဝယ်နိုင်စွမ်းအား သို့မဟုတ် ပြည်တွင်းငွေကြေးတန်ဖိုးကိုပဲ ဆိုလိုခြင်းဖြစ်ပါတယ်။ အခုဆက်ပြီး ပြည်တွင်းငွေကြေးဝယ်နိုင်စွမ်းအားနဲ့ ပတ်သက်လို့ နားလည်လွယ်အောင် နမူနာနဲ့ပြောရရင်တော့ လူတစ်ယောက်မှာ ငွေတစ်ရာကျပ်ရှိနေတဲ့အချိန် ဘောပင်တစ်ချောင်းရဲ့ဈေးနှုန်းဟာ တစ်ရာကျပ်ဖြစ်နေတယ်ဆိုပါစို့။ အဲဒီလူဟာ ဘောပင်သွားဝယ်တဲ့အခါ ဘောပင်တစ်ချောင်းရပါလိမ့်မယ်။ အဲဒီဘောပင်တစ်ချောင်းဟာ အဲဒီငွေတစ်ရာကျပ်ရဲ့ ဝယ်နိုင်စွမ်းအားပါပဲ။ အဲဒီငွေရဲ့တန်ဖိုးလို့လည်းပြောလို့ရပါတယ်။ တကယ်လို့ ဘောပင်တစ်ချောင်းရဲ့ ဈေးနှုန်းဟာ ကျပ်တစ်ရာကနေ ငါးဆယ်ကျပ်ကို ဈေးကျသွားပြီဆိုပါတော့။ အရင်ကရှိခဲ့တဲ့ ငွေတစ်ရာပမာဏနဲ့ ဘောပင်နှစ်ချောင်းဝယ်နိုင်ပါလိမ့်မယ်။ ဒါဆိုရင် ငွေတစ်ရာကျပ်ရဲ့ မူလဝယ်နိုင်စွမ်းအားဟာ ဘောပင်တစ်ချောင်းဖြစ်ပြီး ဈေးကျသွားတဲ့အချိန်မှာ အသစ်ဖြစ်လာတဲ့ ဝယ်နိုင်စွမ်းအားဟာ ဘောပင်နှစ်ချောင်းဖြစ်လို့ ဝယ်နိုင်စွမ်းအားတိုးလာတယ်လို့ ပြောနိုင်ပါတယ်။

ငွေကြေးဝယ်နိုင်စွမ်းအား သို့မဟုတ် ငွေကြေးတန်ဖိုးနဲ့ဈေးနှုန်းဟာ ပြောင်းပြန်ဆက်စပ်နေတာကိုလည်း တွေ့ရပါလိမ့်မယ်။ ကုန်စည်နဲ့ဝန်ဆောင်မှုတွေ ဈေးနှုန်းတက်နေတဲ့အခါ ငွေကြေးတစ်ရပ်ရဲ့ ဝယ်နိုင်စွမ်းအားကျဆင်းနေပြီး ဈေးနှုန်းကျတဲ့အခါ ဝယ်နိုင်စွမ်းအားတွေ တက်လာပါလိမ့်မယ်။ အဲဒီဆက်စပ်မှုကို အတိုချုပ်ရေးကြည့်ရင် အောက်ပါအတိုင်းတွေ့ရပါလိမ့်မယ်။

ဈေးနှုန်းတက် ▲ ဝယ်နိုင်စွမ်းအားကျ ▼
ငွေကြေးတန်ဖိုးကျ ▼
ဈေးနှုန်းကျ ▼ ဝယ်နိုင်စွမ်းအားတက် ▲
ငွေကြေးတန်ဖိုးတက် ▲

ငွေတန်ဖိုးတက်တယ်လို့ပြောတဲ့အခါ စဉ်းစားဖို့လိုတာက အဲဒီငွေရဲ့ ပြည်တွင်းတန်ဖိုး(သို့)ပြည်တွင်းဝယ်လိုနိုင်စွမ်းအား တက်လာတာလား။ ဒါမှမဟုတ် ပြည်ပငွေကြေးတစ်ရပ်နဲ့နှိုင်းယှဉ်တဲ့ တန်ဖိုးတက်လာသလားဆိုတာပါ။ အခုနမူနာပေးခဲ့တဲ့ဖြစ်ရပ်မှာတော့ ငွေတန်ဖိုးဆိုတာကို ပြည်တွင်းက ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ ဈေးနှုန်းတွေသုံးပြီး တိုင်းတာပြောဆိုနေလို့ ပြည်တွင်းငွေတန်ဖိုးလို့ နားလည်နိုင်ပါတယ်။

မှတ်မိလွယ်အောင်ပြောရရင် ငွေကြေးတစ်ရပ်ရဲ့

❍ ဘဏ္ဍာရေးပေါ်လစီဆိုတာ စီးပွားရေးအဆောက်အအုံတွင်းမှာ ဈေးနှုန်းတွေ အဖြစ်နိုင်ဆုံးတည်ငြိမ်မှုရရှိစေဖို့၊ စီးပွားရေးလုပ်ငန်းတွေရဲ့လုပ်ငန်းဆောင်တာဆောင်ရွက်မှုတွေ အတက်အကျပြင်းထန်နေတာကို အနေတော်ဖြစ်စေဖို့၊ အစိုးရတစ်ရပ်မျှော်မှန်းဆောင်ရွက်နေတဲ့ စုစုပေါင်းကုန်ထွက်အဆင့်၊ တိုင်းပြည်ရဲ့အလုပ်အကိုင်ရရှိမှုအခြေအနေတွေကို ရောက်ရှိစေဖို့အတွက် အစိုးရအသုံးစရိတ်နဲ့ အစိုးရရငွေ(အခွန်ငွေ)အပေါ် ကိုင်တွယ်ဆောင်ရွက်ရတဲ့ မူဝါဒပဲဖြစ် . . .

တန်ဖိုးအတက်အကျကိုပြောတဲ့အခါ ယေဘုယျအားဖြင့် ပြည်တွင်းမှာရှိနေတဲ့ ကုန်စည်နဲ့ဝန်ဆောင်မှုတွေရဲ့ အထွေထွေဈေးနှုန်းအတက်အကျတွေအပေါ် (အထွေထွေဈေးနှုန်းဆိုတာ စားသုံးသူတွေအသုံးများတဲ့ အလေးပေးကုန်စည်အများစုရဲ့ ဈေးနှုန်းတွေကိုပြောတာလို့ ယေဘုယျမှတ်ယူပါ။ ဥပမာအားဖြင့် နေ့တိုင်းသုံးစွဲနေတဲ့ ဆန်၊ ဆီ၊ ဆား စသဖြင့်) မူတည်ပြီး ဝယ်နိုင်စွမ်းအားကို ချိန်ဆတဲ့နည်းနဲ့ အခြားပြည်ပငွေကြေးတွေနဲ့ လဲလှယ်နှုန်းတွေကိုချိန်ဆပြီး တိုင်းတာတဲ့နည်းတွေကို အသုံးပြုလေ့ရှိကြောင်းတွေ့ရပါတယ်။

ငွေကြေးဝယ်နိုင်စွမ်းအား အတက်အကျတွေရဲ့ သက်ရောက်မှုအကျိုးဆက်တွေကိုပြောရရင် ငွေကြေးရဲ့ပြည်ပတန်ဖိုး၊ တန်ဖိုးတက်လာခဲ့ရင် တိုင်းပြည်ရဲ့ ပို့ကုန်ဈေးနှုန်းတွေ တက်လာပါလိမ့်မယ်။ အဲဒီအခါကျရင် ကမ္ဘာ့ဈေးကွက်ထဲက စားသုံးသူတွေအတွက် ဈေးနှုန်းမြင့်မားလာလို့ အဲဒီတိုင်းပြည်ရဲ့ ပို့ကုန်ဝယ်လိုအားပါလျော့ကျလာပါလိမ့်မယ်။ အဲဒီအချက်ကတော့ ပို့ကုန်ဦးစားပေးနိုင်ငံတွေအနေနဲ့ အထူးသတိထားရမယ့်အချက်ဖြစ်ပါတယ်။ ပြည်တွင်းကကုန်စည်နဲ့ ဝန်ဆောင်မှုဈေးနှုန်းတွေကျလို့ ပြည်တွင်းဝယ်နိုင်စွမ်းအားတွေ တက်လာခဲ့ရင်တော့ ပြည်တွင်းငွေကြေးတန်ဖိုးတက်လာပါလိမ့်မယ်။ အဲဒီလိုဖြစ်ခဲ့ရင်တော့ စီးပွားရေးအဆောက်အအုံထဲက စားသုံးသူတွေအဖို့ သူတို့လက်ထဲမှာရှိတဲ့ငွေနဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို အရင်ကထက် ပိုဝယ်နိုင်ကြလို့ ဝမ်းပန်းတသာရှိကြမှာအမှန်ပါပဲ။

ဘဏ္ဍာရေးပေါ်လစီ(Fiscal Policy)

ဒီပေါ်လစီကို တိုင်းပြည်ရဲ့စီးပွားရေးအခြေအနေဆုတ်ယုတ်နေတဲ့အချိန်မှာ အသုံးပြုကြသလို၊ စီးပွားရေးအခြေအနေကောင်းမွန်ပေမယ့် ဈေးနှုန်းတွေမိုးပျံအောင်ထောင်တက်နေတဲ့ အချိန်မှာလည်း အသုံးပြုလေ့ရှိပါတယ်။ သက်ဆိုင်ရာအစိုးရက အစည်းအဝေးတွေခေါ် သဘောတူညီမှုတွေရယူပြီး အစိုးရသုံးစွဲနေတဲ့ အသုံးစရိတ် (Public Expenditure) ပမာဏနဲ့ အစိုးရကောက်ခံရရှိနေတဲ့အခွန် (Tax) ငွေပမာဏတွေကို အတိုးအလျှော့ချိန်ဆပြီး စီးပွားရေးအခြေအနေတစ်ရပ်ရပ်ကို ထိန်းကျောင်းဖို့ကြိုးစားကြခြင်းဖြစ်ပါတယ်။ ငွေကြေးပေါ်လစီကို ကိုင်တွယ်ဆောင်ရွက်တဲ့နေရာမှာ ဗဟိုဘဏ်လို ငွေကြေးအာဏာပိုင်အဖွဲ့အစည်းတွေရှိသလို ဘဏ္ဍာရေးအာဏာပိုင်ဆိုတာရှိပါတယ်။ ဘဏ္ဍာရေးအာဏာပိုင်ကတော့ ဘဏ္ဍာရေးနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနပဲဖြစ်ပါတယ်။

လွယ်လွယ်ကူကူမှတ်သားနိုင်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပြောရရင် ဘဏ္ဍာရေးပေါ်လစီဆိုတာ စီးပွားရေးအဆောက်အအုံတွင်းမှာ ဈေးနှုန်းတွေအဖြစ်နိုင်ဆုံးတည်ငြိမ်မှုရရှိစေဖို့၊ စီးပွားရေးလုပ်ငန်းတွေရဲ့လုပ်ငန်းဆောင်တာဆောင်ရွက်မှုတွေ အတက်အကျပြင်းထန်နေတာကို အနေတော်ဖြစ်စေဖို့၊ အစိုးရတစ်ရပ်မျှော်မှန်းဆောင်ရွက်နေတဲ့ စုစုပေါင်းကုန်ထွက်အဆင့်၊ တိုင်းပြည်ရဲ့အလုပ်အကိုင်ရရှိမှုအခြေအနေတွေကို ရောက်ရှိစေဖို့အတွက် အစိုးရအသုံးစရိတ်နဲ့ အစိုးရရငွေ(အခွန်ငွေ)အပေါ် ကိုင်တွယ်ဆောင်ရွက်ရတဲ့ မူဝါဒပဲဖြစ်ပါတယ်။

ဒါကြောင့် အစိုးရတစ်ရပ်ရဲ့ ဘဏ္ဍာရေးပေါ်လစီကို ကိုင်တွယ်ပြီး တိုင်းပြည်ရဲ့စီးပွားရေးရာကိစ္စတွေမှာ ဝင်ရောက်ဖြေရှင်းနေတာကိုလေ့လာကြည့်ရင် အသုံးစရိတ်ပိုင်းနဲ့ ရငွေပိုင်းဆိုပြီး အပိုင်း(၂)ပိုင်းမှာ ပါဝင်ပတ်သက်နေတာကို တွေ့ရပါလိမ့်မယ်။ စီးပွားရေးကျဆင်းနေတဲ့အချိန်မှာ အစိုးရတစ်ရပ်အနေနဲ့ သူ့မှာရှိတဲ့ငွေတွေကို နည်းလမ်းအမျိုးမျိုးသုံးပြီး ပြည်သူတွေလက်ထဲရောက်အောင် လုပ်ပေးလေ့ရှိပါတယ်။ စီးပွားရေးအဆောက်အအုံထဲမှာရှိတဲ့လူတွေ ငွေကြေးအကျပ်ရိုက်နေချိန်မှာ ဆိုလိုတာက လူတွေလက်ထဲ ဝင်ငွေပြတ်လပ်နေချိန်မှာ ဝင်ငွေရှိနိုင်ဖို့ အလုပ်အကိုင်တွေဖန်တီးပေးတာ၊ ထောက်ပံ့ကြေးလိုပံ့ပိုးမှုတွေကို အမည်အမျိုးမျိုးတပ်ပြီး ငွေရေပေါက်အမျိုးမျိုး ဖန်တီးဆောင်ရွက်ပေးတာတွေလည်း ရှိပါတယ်။ အခွန်ရငွေအပိုင်းမှာတော့ အခွန်လျှော့ပေါ့ပေးတာ၊ အခွန်ကင်းလွတ်ခွင့်တွေပေးတာတွေကို ဆောင်ရွက်ပြီး အခွန်ရငွေပိုင်းကို လျှော့ချပေးတတ်ကြပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှုအရှိန်မြင့်နေချိန်မှာ ဝင်ငွေကောင်းကြလို့ လူတွေရဲ့ ဝယ်လိုအားတွေတက်လာနေပြီး ကုန်ပစ္စည်းဈေးနှုန်းတွေကလည်း ထိုးထိုးထောင်ထောင်တက်နေတတ်ပါတယ်။ အဲဒီလိုတက်နေတဲ့ဈေးနှုန်းတွေကိုဆွဲချနိုင်ဖို့ သက်ဆိုင်ရာဘဏ္ဍာရေးအာဏာပိုင်တွေက အခွန်အခတွေအမျိုးမျိုးတိုးချဲ့ကောက်ခံပြီး ဈေးနှုန်းအမြင့်ကိုဆွဲချလေ့ရှိပါတယ်။ အဲဒီလိုအချိန်မှာတော့ အစိုးရအသုံးစရိတ်ဘက်ကို ဦးမလှည့်တော့ဘဲ အခွန်ရငွေပိုင်းကိုပဲ စူးစိုက်ပြီး အခွန်ဘယ်လိုတိုးကောက်ရမလဲဆိုတာကိုသာ စဉ်းစားဆောင်ရွက်တတ်ကြပါတယ်။

ခြုံငုံပြောရရင် စီးပွားရေးအခြေအနေတစ်ရပ် အနုတ်လက္ခဏာပြနေချိန်မှာ အစိုးရတစ်ရပ်အနေနဲ့ အစိုးရအသုံးစရိတ်တိုးသုံးပြီး အခွန်တွေလျှော့ချဖို့ကြိုးစားလေ့ရှိပါတယ်။ စီးပွားရေးစန်းပွင့်နေချိန်မှာတော့ အသုံးစရိတ်တွေကိုလျှော့ချလို့ အခွန်အကောက်တွေကို တိုးမြှင့်ကောက်ခံမှုတွေပြုလုပ်ပြီး စီးပွားရေးတိုးတက်မှုအရှိန် ညင်သာမှုရှိအောင် ဆောင်ရွက်လေ့ရှိပါတယ်။

ငွေကြေးပေါ်လစီ (Monetary Policy)

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေမှာ တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာ သဘာဝဖြစ်လို့ ထူးထူးခြားခြားဖြစ်စဉ်လို့မပြောကြပေမယ့် အဲဒီအတက်အကျတွေ ပြင်းပြင်းထန်ထန်ဖြစ်နေခဲ့ရင်တော့ အန္တရာယ်ရှိလို့ပြောပြပြီး အတက်အကျမပြင်းထန်အောင်၊ ပြေပြေပြစ်ပြစ်ရှိအောင် ငွေကြေးပေါ်လစီကိုသုံးပြီး ဖြေရှင်းလေ့ရှိကြပါတယ်။

စီးပွားရေးတွေကျဆင်းနေတဲ့အချိန်မှာပဲဖြစ်စေ ဒါမှမဟုတ် စီးပွားရေးအရှိန်အဟုန်ကောင်းကောင်းတက်နေပေမယ့် မတည်မငြိမ်ဖြစ်နေတဲ့အချိန်မျိုးမှာဖြစ်စေ ထိန်းကျောင်းဖြေရှင်းနိုင်ဖို့ နိုင်ငံအစိုးရတွေသုံးတဲ့ပေါ်လစီတစ်ရပ်လို့လည်းပြောနိုင်ပါတယ်။ ဒီလိုထိန်းကျောင်းတဲ့နေရာမှာ ပေါ်လစီတွေများစွာရှိတဲ့အနက်က လူသိများပြီးအသုံးများတဲ့ပေါ်လစီတစ်ခုကတော့ ငွေကြေးပေါ်လစီပဲ။

ကမ္ဘာ့စီးပွားရေးဆုတ်ယုတ်ကျဆင်းနေချိန်မှာ စီးပွားရေးအကြောင်းတွေဖတ်ရှုရတဲ့အခါ ငွေကြေးပေါ်လစီ (Monetary Policy)ဆိုတဲ့ စကားလုံးကို ထပ်ခါတလဲလဲပါနေလို့ အရင်ကထက်ပိုပြီးရင်းနှီးနေပါလိမ့်မယ်။ ဒါကြောင့် ငွေကြေးပေါ်လစီဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလေ့လာကြည့်တဲ့အခါ စီးပွားရေးအဆောက်အအုံထဲမှာ လှည့်လည်သုံးစွဲနေရတဲ့ ငွေကြေးပမာဏကိုကိုင်တွယ်ပြီး တိုင်းပြည်ရဲ့စီးပွားရေးအခြေအနေကိုဖြေရှင်းရတဲ့ ပေါ်လစီတစ်ခုလို့ ယေဘုယျဆိုထားတာကိုတွေ့ရပါတယ်။ဒီမိုကရက်တစ်ဆန်ဆန်အုပ်ချုပ်ရေးရှိတဲ့ တိုင်းပြည်တွေမှာဆို တိုင်းပြည်စီးပွားရေးအခက်အခဲ အကျပ်အတည်းကျော်လွှားဖို့ ကြိုးစားကြလေ့ရှိပါတယ်။ ဒီနေရာမှာ ငွေကြေးအာဏာပိုင်ဟာ ဘယ်သူလဲဆိုရင် အုပ်စိုးနေတဲ့သက်ဆိုင်ရာအစိုးရအဖွဲ့မဟုတ်ဘဲ ငွေစက္ကူတွေကို ထုတ်ဝေနေတဲ့ ဗဟိုဘဏ်လိုအဖွဲ့အစည်းမျိုးကိုဆိုပါတယ်။ တိုင်းပြည်တစ်ပြည်အနေနဲ့ ငွေကြေးပေါ်လစီကို ကိုင်တွယ်ဆောင်ရွက်နေပြီလို့သိရရင် စီးပွားရေးအဆောက်အအုံထဲမှာ လှည့်လည်နေတဲ့ ငွေကြေးပမာဏကို အတိုးအလျှော့လုပ်ဖို့ ကြိုးစားနေပြီလို့ နားလည်နိုင်ပါတယ်။ အဲဒီငွေကြေးပမာဏကို အတိုးအလျှော့လုပ်နိုင်ဖို့ အစိုးရငွေတိုက်စာချုပ် (Treasury Bond)တွေကို ထုတ်ဝေရောင်းချတာတွေ၊ ဝယ်ယူတာတွေ၊ အတိုးနှုန်း (Interest Rate) စီမံကွပ်ကဲတာတွေနဲ့

စာမျက်နှာ ၁၀ သို့ ●

● **စာမျက်နှာ ၉ မှအဆက်**

အရန်ငွေသားပမာဏ အပြောင်းအလဲပြုလုပ်တာတွေနဲ့ ဆောင်ရွက်နေကြတာကြားကြပါလိမ့်မယ်။

ငွေကြေးပေါ်လစီမှာ တိုးချဲ့ငွေကြေးပေါ်လစီ (Expensionary Monetary Policy)နဲ့ ကျုံ့ဝင်ငွေကြေးပေါ်လစီ (Contraditionary Monetary Policy)ဆိုပြီး ရှိပါတယ်။ တိုးချဲ့ငွေကြေးပေါ်လစီကို စီးပွားရေးအကျပ်အတည်းကာလတွေမှာ သုံးလေ့ရှိပါတယ်။ စီးပွားရေးအဆောက်အအုံထဲမှာ ငွေကြေးပမာဏတွေကို များပြားသွားအောင်လုပ်ပြီး အားပျော့နေတဲ့ စီးပွားရေးကို နိုးကြွအောင်လုပ်ဆောင်တာပဲဖြစ်ပါတယ်။ စီးပွားရေးအဆောက်အအုံထဲကဘဏ်တွေမှာ စုထားတဲ့ငွေတွေကို ထုတ်ချင်စိတ်တွေများများဖြစ်လာအောင် အတိုးနှုန်းတွေလျှော့ချပစ်မယ်။ အဲဒီလို လျှော့ချလိုက်တဲ့အခါ ရနိုင်မယ့်အတိုးနှုန်းနည်းလာလို့ ငွေစုသူတွေ သူတို့ရဲ့ငွေတွေကို ဘဏ်တွေထဲကနေ အရင်ကထက်ပိုပြီး ထုတ်ယူလာကြတယ်။ ဒီလိုအခြေအနေတွေကြောင့် စီးပွားရေးအဆောက်အအုံထဲကို ငွေကြေးပမာဏဟာ အရင်ကထက်ပိုပြီး ဝင်ရောက်လာပါလိမ့်မယ်။ ဘဏ်တွေကနေ ငွေချေးဖို့စိတ်ကူးထားတဲ့သူတွေလည်း အတိုးနှုန်းနည်းနည်းပဲပေးရလို့ အရင်ကထက်ပိုပြီး ငွေချေးကြပါလိမ့်မယ်လို့ အကျိုးဆက်တွေကြောင့် စီးပွားရေးအဆောက်အအုံထဲမှာ ငွေကြေးပမာဏတွေ တိုးပွားများပြားလာနိုင်ပြီး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုတွေ အားပြန်ကောင်းလာလိမ့်မယ်လို့ဆိုပါတယ်။

ကျုံ့ဝင်ငွေကြေးပေါ်လစီဆိုတာ ပထမပေါ်လစီနဲ့ပြောင်းပြန်ပါပဲ။ ဘဏ်အတိုးနှုန်းတွေကိုတိုးမြှင့်ပြီး စီးပွားရေးအဆောက်အအုံထဲက ငွေကြေးပမာဏတွေကို လျော့နည်းအောင်ဆောင်ရွက်တာပါပဲ။ ဘဏ်အတိုးနှုန်းတွေမြှင့်ထားတဲ့အခါ ဘဏ်မှာ အပ်ချင်တဲ့ငွေပမာဏ များပြားလာပါလိမ့်မယ်။ ငွေချေးဖို့ စီစဉ်ထားသူတွေကလည်း အတိုးနှုန်းတွေမြင့်လွန်းလို့ ချေးငွေပမာဏကို လျှော့ချကြပါလိမ့်မယ်။ ဒီလိုအခြေအနေမျိုးမှာ စီးပွားရေးအဆောက်အအုံထဲမှာ လှုပ်လှည့်သုံးစွဲနေတဲ့ ငွေကြေးပမာဏနည်းပါးနေပြီး ဘဏ်တွေထဲမှာပဲ အများအပြားရှိနေပါလိမ့်မယ်။ ဒီလိုငွေကြေးပမာဏ နည်းပါးလာတဲ့အတွက် မြင့်တက်နေတဲ့ဈေးနှုန်းတွေကျဆင်းလာပြီး စီးပွားရေးအခြေအနေလည်း တဖြည်းဖြည်းနဲ့တည်ငြိမ်မှုရှိတဲ့ အခြေအနေတစ်ရပ်စီကို ရောက်ရှိလာလိမ့်မယ်လို့ ပညာရှင်တွေကယူဆပါတယ်။ ဒါက အတိုးနှုန်းနဲ့ ထိန်းကျောင်းဆောင်ရွက်တာဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ အစိုးရငွေတိုက်စာချုပ်တွေထုတ်ရောင်းပြီး စီးပွားရေးအဆောက်အအုံထဲက ငွေကြေးပမာဏတွေလျော့နည်းသွားအောင်လုပ်တာ၊ စာချုပ်တွေကို ပြန်လည်ဝယ်ယူပြီး ငွေကြေးပမာဏ ပိုများလာအောင် ဆောင်ရွက်တာတွေလည်းရှိပါတယ်။

လိုတိုရှင်းပြောရရင်တော့ ငွေကြေးပေါ်လစီဆိုတာ စီးပွားရေးအဆောက်အအုံထဲမှာ ဈေးနှုန်းတည်ငြိမ်မှုရရှိဖို့၊ စီးပွားရေးအတက်အကျ အရှိန်မပြင်းထန်ဖို့ ချမှတ်ထားတဲ့ စီးပွားရေးပေါ်လစီအရ မျှော်မှန်းထားတဲ့ ကုန်ထွက်အဆင့်နဲ့ အလုပ်အကိုင်အခွင့်အလမ်းအဆင့် (Desired Level of Output နဲ့ Employment) ရရှိဖို့ ဆောင်ရွက်တဲ့နေရာမှာ ငွေကြေးပမာဏကို လိုတိုးပိုလျှော့ပြုလုပ်ပြီး ညှိနှိုင်းဆောင်ရွက်ကြတဲ့ အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။ ။

တောင်ကြီးမြို့၌ MSME ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ



တောင်ကြီး ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ ဒီဇင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီမံ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် MSME ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလွင်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တက်ရောက်လာကြသူများက လုပ်ငန်းရှင်များပြသထားသည့် ဒေသထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဘ၌ ဆိုင်ခန်းပေါင်း ၆၀ ရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်အထိ ဖွင့်လှစ်ပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

ဖျူးမြို့နယ် ဇဟာအလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်

ဖျူး ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဖျူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇဟာကျေးရွာအုပ်စု ဇဟာအလယ်ကျေးရွာ၌ ဒုတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးခြင်းကို ဒီဇင်ဘာလ ၃၀ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဖျူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးအရင်းနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၂၂၄ သိန်းကို ဇဟာအလယ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်း၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ဇဟာအလယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၂၄ သိန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်းဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

ကိုညီ(ကျေးလက်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၀၇၈၊ ၀၆၃- ၂၀၂၈၀၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၄၄၅၊ ၀၂- ၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၄၈- ၂၅၅၀၀၂၅၁၇၊ ၀၄၈- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၆၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၅၉၃၊ ၀၄၂- ၂၀၂၅၆၀၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

□ **ကျောဖုံးမှအဆက်**

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ဝိန်နဲကုန်း ရခိုင်ဂျာမေဗလီတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာ သတ်ဖြတ်ခြင်း၊ အဆိုပါလည်လှီးသတ်ဖြတ်နေသည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်းကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

AA အကြမ်းဖက်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ဆင်းခိုင်းကာ လည်လှီးသတ်ဖြတ်ခြင်းရာဇဝတ်မှုကိုကျူးလွန်ခဲ့သည်။ ထို့ပြင် ကျောက်တော်နယ်မြေ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများလိုက်ပါလာသော သင်္ဘောကိုလည်းဖောက်ခွဲပြီး ရေနစ်နေသည့် အမျိုးသမီးများနှင့်ကလေးငယ်များကိုလည်း သတ်ဖြတ်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပါသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီးမြေကျင်းထဲသို့ထည့်၍ လည်လှီးကာ သတ်ဖြတ်ခဲ့ကြပြီး အဆိုပါသတ်ဖြတ်နေမှုများကို Video File များရိုက်ကူး၍ လူမှုကွန်ရက်တွင်ဖြန့်ဝေခြင်း၊ တပ်မတော်သားများ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစီးနင်းလိုက်ပါလာသော သင်္ဘောကိုလည်း ပစ်ခတ်ဖျက်ဆီးပြီး ရေနစ်နေသည့် ကလေးငယ်များနှင့် အမျိုးသမီးများကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့်လုပ်ရပ်များကို မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ် အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများအပေါ် စာနာထောက်ထားပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကိုယ်တိုင်ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ ရက်စက်စွာလည်လှီးသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည့် Video File များကိုဖြန့်ဝေခြင်းတို့ကို စိတ်မကောင်းစွာတွေ့ရှိခဲ့ရပါသည်။

ယခုကဲ့သို့ လူမဆန်သည့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်အဖွဲ့အစည်းအား ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)

ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသောတိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက တပ်မတော်သားများ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ လိုက်ပါလာသောသင်္ဘောကိုဖောက်ခွဲခဲ့ပြီး ရေနစ်နေသည့်အမျိုးသမီးများနှင့်ကလေးငယ်များကိုလည်း သတ်ဖြတ်ခဲ့ကြောင်း၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကိုကျင်းတူးခိုင်းပြီး မြေကျင်းထဲထည့်ကာ ရက်စက်စွာလည်လှီးသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည်ကို Video ရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို ယုံကြည်ခြင်းဇဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့်ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ တပ်မတော်သားများ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစီးနင်းလိုက်ပါလာသော သင်္ဘောကိုလည်း ပစ်ခတ်ဖျက်ဆီးပြီး ရေနစ်နေသည့်ကလေးငယ်များနှင့် အမျိုးသမီးများကို ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာသတ်ဖြတ်ခဲ့ကြပြီး အဆိုပါသတ်ဖြတ်နေမှုများကို Video File များရိုက်ကူး၍ လူမှုကွန်ရက်တွင်ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့်လုပ်ရပ်များကို လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသောတိုက်ပွဲများ၌ AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကိုကျင်းတူးခိုင်းပြီး မြေကျင်းထဲထည့်ကာ ရက်စက်စွာလည်လှီးသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည်ကို Video များရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေလျက်ရှိရာ စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ပဋိပက္ခများအတွင်း ဖမ်းဆီးရမိသည့်သူများအပေါ် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုကိုကျူးလွန်နေသည့် AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များအား မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

□ **စာမျက်နှာ ၁၂ သို့**

□ စာမျက်နှာ ၁၁ မှအဆက်



မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးရမိခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းကာ မြေကျင်းထဲတွင်လည်လှီးပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များရိုက်ကူးကာ Online ပေါ်တွင်ဖြန့်ဝေခြင်းနှင့် လူမဆန်စွာရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိသည့် လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

ပိန္နဲကုန်းရခိုင်ဂျာမေဇလီမှ
PINNAYGONE YAKHINE JAAME MOSQUE
No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

ပိန္နဲကုန်းရခိုင်ဂျာမေဇလီမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဒေသအချို့ရှိ တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက မြေကျင်းတူးခိုင်း၍ ကျင်းထဲ၌လည်လှီးပြီး လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များရိုက်ကူး၍ Online ပေါ်တွင်ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစိုးနင်းလာသောသဘော်များကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့်အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိမှုအပေါ် ပိန္နဲကုန်းရခိုင်ဂျာမေဇလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဇလီ



မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲတွင် လည်လှီးကာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စိုးနင်းလာသောသဘော်များကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့်အမျိုးသမီးများနှင့်လူမမယ်ကလေးငယ်များကိုလည်း ရက်ရက်စက်စက် လူမဆန်စွာသတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိမှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား မြေကျင်းတူးခိုင်း၍ ကျင်းထဲ၌လည်လှီးပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များရိုက်ကူး၍ Online ပေါ်တွင်ဖြန့်ဝေခြင်း၊ ကျောက်တော်နယ်မြေ၌လည်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစိုးနင်းလာသောသဘော်များကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့်အမျိုးသမီးများနှင့်ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှုကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။ **မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

(၃၀.၁၂.၂၀၂၄)

သန္တန္တမမူပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲတွင် လည်လှီးကာ ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စိုးနင်းလာသောသဘော်များကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့်အမျိုးသမီးများနှင့်လူမမယ်ကလေးငယ်များကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိမှုအပေါ် သန္တန္တမမူပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။ **သန္တန္တမမူပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်



မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ ဓားဖြင့် ရက်စက်စွာ လည်လှီးသတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစိုးနင်းလာသောသဘော်များကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူသားမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုမူလုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။ **မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**



မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းကာ မြေကျင်းထဲတွင် လည်လှီးကာ သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ လူမှုကွန်ရက် Online တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စိုးနင်းလာသောသဘော်များကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူသားမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး



မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးတို့ အတူတကွငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ ယနေ့အချိန်အခါ၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံရင်ဆိုင်လျက်ရှိပြီး ယင်းသို့ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများမဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်ကို တွေ့မြင်ကြားသိရပါသည်။

၂။ ထိုသို့ လက်နက်ကိုင်ပြီး ဆန့်ကျင်နေသည့် ရခိုင်သူပုန် (AA) အကြမ်းဖက်အဖွဲ့စည်းသည် ရခိုင်ပြည်နယ်အတွင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့်ပုံရိပ်များကို အွန်လိုင်းပေါ်တွင် လွှင့်တင်ခဲ့ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ စီးနင်းလာသောသဘော်ကိုဖောက်ခွဲ၍ ရေနစ်နေသည့် မိသားစုဝင်အမျိုးသမီးများနှင့် ကလေးသူငယ်များကိုလည်း ထပ်မံသတ်ဖြတ်ခဲ့ကြသည်ကို လည်းတွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ရပ်များသည် ဂျီနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ရန် ကြိုးစားနေသော ဒေသခံလူတချို့နှင့် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့ပြီး နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုများနှင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်နေသည့် စစ်ရာဇဝတ်မှုကျူးလွန်နေသည့် ရခိုင်သူပုန် (AA) အဖွဲ့အား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

စာမျက်နှာ ၁၃ သို့ □

□ စာမျက်နှာ ၁၂ မှအဆက်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

(၁) AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ်မှစတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် လုံခြုံရေးစခန်းများ၊ တပ်မတော်စခန်းများကို ရော့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ယနေ့ထက်တိုင် တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ထိုသို့တိုက်ခိုက်ရာတွင် စစ်ကိုမလိုလားသော ဒေသခံရခိုင်တိုင်းရင်းသားပြည်သူများအနေဖြင့် နေရင်းနေရပ်များကို စွန့်ခွာသွားကြရပြီး အဆိုပါရခိုင်တိုင်းရင်းသားများရောက်ရှိရာ မြို့ရွာဒေသများတွင် ဒေသခံမြန်မာပြည်သူများက ကူညီဖေးမပေးလျက်ရှိသည်။

(၂) AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေဒေသတည်ငြိမ်ရေးအတွက် စွန့်လွှတ်စွန့်စားရဲစွမ်းသတ္တိများဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ အချို့ဖြစ်စဉ်များတွင် ဒေသခံပြည်သူများအား ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့အနေဖြင့် AA အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်မှုခံခဲ့ရပြီး လူသားချင်းမစာနာသည့် လူမဆန်သော ရာဇဝတ်မှုများ ယုတ်မာစွာကျူးလွန်နေသည်ကို တွေ့ရသည်။

(၃) အဆိုးရွားဆုံးနှင့်အယုတ်မာဆုံးမှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် တိုက်ပွဲအတွင်း ဖမ်းဆီးထားသော စစ်သုံ့ပန်းများကို ရက်ရက်စက်စက်သတ်ဖြတ်ပြီး ဗီဒီယိုရိုက်ကူး၍ လူမှုကွန်ရက်ပေါ်တွင်တင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျောက်တော်နယ်မြေ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ မိသားစုဝင်များ စီးနင်းလိုက်ပါလာသော သင်္ဘောကိုဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးပြီး ရေထဲတွင်မျောပါနေသည့် အမျိုးသမီးနှင့်ကလေးငယ်များပါ မကျန် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများ ရက်စက်မှုထက်ပိုမိုဆိုးရွားပြီး ဂျီနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်သည့် စစ်ရာဇဝတ်မှု (War Crime) မြောက်သော လူမဆန်သည့် လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်းကျူးလွန်လျက်ရှိသည်။

(၄) နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်ဖျက်ဆီးနေသည့်၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အေးချမ်းသာယာလုပသည့် ရခိုင်ပြည်နယ်ကြီးကို ပျက်စီးအောင်ပြုလုပ်နေသည့်၊ ဂျီနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်ပြီး စစ်ရာဇဝတ်မှုများကို ရက်ရက်စက်စက်ကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများအမြန်ဆုံးချုပ်ငြိမ်းအောင် တိုက်ဖျက်ကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်းနှင့်လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုများကို ရက်စက်စွာကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ လက်နက်ကိုင်သူပုန်များကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးစစ်ပွဲများဖြစ်ပေါ်လျက်ရှိရာ ဒေသလူထုသည် အိုးအိမ်စွန့်ခွာ၍ ဒေသအသီးသီးသို့ ထွက်ပြေးတိမ်းရှောင် ဒုက္ခရောက်လျက်ရှိကြသည်။

၂။ ထိုလက်နက်ကိုင်သူပုန်အဖွဲ့များထဲတွင် ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့သည် အရက်စက်ဆုံးအဖွဲ့ဖြစ်ကြောင်းကို

(က) ရခိုင်လူထုကိုငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ကျင်းတူးခိုင်းပြီး လည်လှီးသတ်ကာ ကျင်းထဲသို့ပစ်ချခြင်း။ (Video File သက်သေ)

(ခ) တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား သယ်ဆောင်လာသည့် သင်္ဘောကိုဖောက်ခွဲ၍ ရေနစ်နေသောအမျိုးသမီးများနှင့် ကလေးများကိုသတ်ဖြတ်ခဲ့ကြခြင်း စသည့်လုပ်ရပ်များကို အထောက်အထားများအရ သိရှိရသည်။

၃။ အထက်ပါရက်စက်ကြမ်းကြုတ်မှုများသည် ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ပြီး စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ရက်ရက်စက်စက်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှပြင်းထန်စွာရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာ လူမဆန်စွာသတ်ဖြတ်ခဲ့သည့် Video File များကိုရိုက်ကူး၍ Online ပေါ်တွင်ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးနင်းလာသော သင်္ဘောများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့်ကလေးငယ်များကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာပြုမူဆောင်ရွက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်းသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမှတ်(၇)မြို့ပတ်လမ်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ EV Charging Station တည်ဆောက်နေမှု ဒုတိယဝန်ကြီးဦးဝင်းဇေ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်(၇)မြို့ပတ်လမ်းကွန်ကရစ်(၂)လမ်းသွားမှ(၄)လမ်းသွားလမ်းချဲ့ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် – မန္တလေးအမြန်လမ်းမကြီး (နေပြည်တော် – ရန်ကုန် လမ်းပိုင်း) ရှိ ဘောနက်ကြီးယာဉ်ရပ်နားစခန်းအတွင်း CRRC Myanmar Co.,ltd. မှဆောင်ရွက်လျက်ရှိသည့် EV Charging Station တည်ဆောက်ရေးလုပ်ငန်းနှင့် ရန်ကုန် – မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်လမ်းပိုင်း) (၁၁၅)မိုင် ဖြူးယာဉ်ရပ်နားစခန်းအတွင်း Yar Zar Min Industry Co.,ltd.၊ Mandalarmin Trading & Transportation Co.,ltd.၊ NPK Co.,ltd. တို့မှဆောင်ရွက်လျက်ရှိသည့် EV Charging Station လုပ်ငန်းကိုကြည့်ရှုစစ်ဆေးပြီး EV Charging Station တည်ဆောက်ရာတွင် ကော်မတီမှသတ်မှတ်ထားသည့် ဒီဇိုင်းအတိုင်း လိုက်နာဆောင်ရွက်ရေး၊ လက်ရာလက်သားကောင်းမွန်ရေးနှင့် EV Charging Station ကိုသုံးလအတွင်း အပြီးတည်ဆောက်ရန် မှာကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

ရေနံချောင်းမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကျင်းပ



ရေနံချောင်း ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် လွတ်လပ်ရေးနေ့ကျင်းပရေးဦးစီးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို ယမန်နေ့က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲများတွင် မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူလေးများက မီတာ ၁၀၀၊ မီတာ ၅၀ အပြေးပြိုင်ပွဲ၊ အိတ်စွပ်ပြေးပြိုင်ပွဲ၊ အလျားခုန်၊ ပူပေါင်းဖောက်၊ ပေတံလု၊ အာလူးကောက်စသည့်အားကစားပြိုင်ပွဲများတွင်လည်းကောင်း၊ ဌာနဆိုင်ရာပေါင်းစုံမှ ဝန်ထမ်းများက အသင်းပတ်လည်ဘောလုံးပြိုင်ပွဲများတွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

➲ ရှေ့ဖုံးမှအဆက်

စုစုပေါင်း ၃၄၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ အစေ့ထုတ်ပြောင်း ၂၂၆ ဧကနှင့် ဖူးစားပြောင်း ၇၅၅ ဧက စုစုပေါင်း ၁၀၂၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသီပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသီပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမပြုဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရေး အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို မှန်ကန်စွာအသုံးချခြင်းဖြင့် သီးနှံဝယ်လိုအားကောင်းကာ ဝင်ငွေများတိုးပွားလာပြီး တောင်သူများ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

(၄၀၉)

သထုံမြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပ

သထုံ ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ကရင်အမျိုးသားခန်းမ၌ ဒီဇင်ဘာလ ၃၀ ရက်နံနက်ပိုင်းတွင် မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှဦးဆောင်၍ မြို့နယ်အဆင့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် တိုင်းရင်းသားများစုပေါင်းကာ ကရင်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုကြပြီး သထုံမြို့နယ်အတွင်းရှိ အသက် ၈၀ နှစ်နှင့်အထက် ကရင်တိုင်းရင်းသား သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် သထုံမြို့နယ်၏ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်မုခ်ဦးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးစောစံတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြကာ ကျေးရွာအလိုက် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက ရိုးရာဒုံးယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

သထုံမြို့နယ်၌ နှစ်သစ်ကူးပွဲတော်ကို ကျင်းပခြင်းမှာ ဘိုးဘွားများချမှတ်ထားသည့် ရိုးရာဓလေ့များကို ဖော်ထုတ်သည့်အနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ မြို့နယ်အဆင့် ကျင်းပသည့်အပြင် ကျေးရွာအသီးသီး၌လည်း နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများကို ကျင်းပကြကြောင်း သိရသည်။

သထုံ(ခရိုင်ပြန်/ဆက်)

အချိန်တန်လျှင်

* လေပြင်းခိုက်မို့
အိမ်တိုက်တာတွေ၊ ပျက်ပြုံကြေလည်း
လေပြင်းပြယ်ပျောက်၊ အချိန်ရောက်က
အိမ်ဆောက်တိုက်တာ ပြန်သာယာ၏။။

* မိုးသည်းထန်လို့
ရေတို့လွှမ်းခိုက်၊ ဒုက္ခဆိုက်လည်း
တိမ်တိုက်လွင့်ပျောက်၊ အချိန်ရောက်က
လမ်းဖောက်မြေကာ ပြန်သာယာ၏။။

* လေအားကြီးလို့
မီးတောက်လျှံပြင်း၊ လောင်ကျွမ်းခြင်းလည်း
ရေသွင်းဖျန်းလှိုင်၊ မီးငြိမ်းနိုင်က
အိုးပိုင်ပြည်ရွာ ပြန်သာယာ၏။။

* တရားမဲ့တို့
လွှမ်းခဲ့ခဏ၊ ရှင်သန်ကြလည်း
ခမ္မအစစ်၊ သာချိန်ဖြစ်က
ညစ်ထည်းမှုများ၊ ကင်းပျောက်သွား၍
ဝင့်ကြွားမူလို့ နောင်စဉ်တည်
ကျင့်တရားသူတို့ အောင်မြင်မည်။ ။

ညွန့်ဝင်း(နတ်တလင်း)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၂၄ (အင်္ဂါနေ့)

၁။ ဝ၆:၀၀ တရားတော်
၂။ ဝ၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ဝ၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက်
၈။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၉။ ၁၅:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၀။ ၁၆:၀၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း
၁၁။ ၁၇:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၂။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၃။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၄။ ၁၉:၀၀ **ရုပ်မြင်သံကြား ဇာတ်လမ်း တွဲထားသည့်လက် မြဲပါစေ သရုပ်ဆောင် ဖြိုးမွန်ကျော်၊ သဥာမြင့်မိုရ် ဒါရိုက်တာ ကောင်းကင်**

၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ “သဘင်အကနှင့် လှမည့်ည” အစီအစဉ်ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကား







နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေဖျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့်နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ “သဘင်အကနှင့် လှမည့်ည”အစီအစဉ်ကို ယနေ့ည နေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် (၁)နှင့် (၂)တို့၌ ကပြဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်ဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများ လုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပြီး ဖျော်ဖြေပွဲဝန်းကျင်နေရာများ၌လည်း လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

ဖျော်ဖြေကွင်းအတွင်း အလှဓာတ်ပုံရိုက်ရန် Photo Booth များတွင် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ အလှဓာတ်ပုံများ လွတ်လပ်ပေါ့ပါးစွာ ရိုက်ကြပြီး အချို့မှာ အပျော်တမ်း ဂိမ်းကစားနေကြသူများ၊ ချားရဟတ်စီးနေကြသူများနှင့် ကလေးကစားကွင်းတွင် ကလေးများပျော်ရွှင်စွာပြေးလွှားခုန်ပေါက်ကစားနေကြသည်ကိုလည်း မြင်တွေ့ရသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ပြီး ဒေသထွက်ကုန်များ၊ အစားအစာများကို စျေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစားအားပေးဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များစနစ်တကျ စွန့်ပစ်ရန်အမှိုက်ပုံးများအပြင် Mobile Toilet များထားရှိသည်ကိုလည်း တွေ့ရသည်။

ဦးစွာ တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များက Music Band များဖြင့်တွဲဖက်၍ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါးတရလိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့နောက် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းအဖွဲ့၏ “သဘင်အကနှင့် လှမည့်ည”ကို ကပြဖျော်ဖြေအပြီးတွင် ထိုင်းနိုင်ငံမှ Copy Show အဖွဲ့က “The Gang Of Popular Copy Show” ဖြင့် သီဆိုဖျော်ဖြေကြရာ သဘင်ချစ်ပရိသတ်များနှင့်ဂီတကိုချစ်မြတ်နိုးကြသည့် ဂီတချစ်ပရိသတ်များ ကြိတ်ကြိတ်တိုးကြည့်ရှုအားပေးကြသည်။

ထို့ပြင် ဒီဇင်ဘာလ ၃၁ ရက်တွင် Countdown ရေတွက်မည့် အစီအစဉ်အပါအဝင် ဂီတဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှစတင်၍ ည ၁ နာရီအထိ သီဆိုကပြဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်ပြီး ဝင်ကြေးကို အခမဲ့သတ်မှတ်ထားကာ ပွဲတော်သို့လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခုသတ်မှတ်၍ မော်တော်ယာဉ်ကိုးစီးဖြင့် အခမဲ့အသွားအပြန်ပို့ဆောင်ပေးမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်လည်ပတ်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း- လှလင်ပျို၊
ဓာတ်ပုံ - ဖိုးပြည့်စုံ

မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်တွင် ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အလံတင်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်၊ ပွဲညှိုက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ဆက်သွယ်သည့်ဂဝံမြေနီလမ်းဖွင့်လှစ်

ပုသိမ် ဒီဇင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်တွင်ကျင်းပသည့် (၈၇)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အလံတင်အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာကရင်အမျိုးသားအလံအား သယ်ယူရေးအဖွဲ့က သယ်ယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ကာ မင်္ဂလာဖားစည်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကရင်အမျိုးသားအလံအား လွှင့်တင်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကရင်အမျိုးသားအလံအား အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်အမျိုးသားသီချင်းကိုသီဆို၍ အခမ်းအနားကိုရုပ်သိမ်းကာ ကရင်ဒုံးယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ မြောင်းမြမြို့နယ် ပွဲညှိုက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်းဖွင့်ပွဲအခမ်းအနားကိုပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် မတည်အလှူရှင် ဦးမျိုးဝင်းအောင်တို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဂဝံလမ်းသစ်ကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် (၈၇)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကိုကျင်းပရာ ဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် မတည်အလှူရှင် ဦးမျိုးဝင်းအောင်တို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဂဝံလမ်းသစ်ကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် (၈၇)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကိုကျင်းပရာ ဦးစောဂျက်ကော့ထူးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့အကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးရိုးမတောင်ပေါ်နေ ကရင်လူမျိုးများ၏ ကရင်ရိုးရာအိုးစည်အက၊ ကွမ်းခြံကုန်းမြို့နယ် ကရင်ရိုးရာဒုံးအက၊ မော့ဘီမြို့နယ် ကရင်ရိုးရာဝါးညှပ်အက၊ မော့ဘီမြို့နယ် ကရင်ရိုးရာကြိုးကျစ်အက၊ ကွမ်းခြံကုန်းနှင့်ကော့မှူးမြို့နယ် ရှားလဖလုံ (လူပျိုကြီးဒုံး)အကနှင့် မော့ဘီဦးစောဂျက်ကော့ထူးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့အကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးရိုးမတောင်ပေါ်နေ ကရင်လူမျိုးများ၏ ကရင်ရိုးရာအိုးစည်အက၊ ကွမ်းခြံကုန်းမြို့နယ် ကရင်ရိုးရာဒုံးအက၊ မော့ဘီမြို့နယ် ကရင်ရိုးရာဝါးညှပ်အက၊ မော့ဘီမြို့နယ် ကရင်ရိုးရာကြိုးကျစ်အက၊ ကွမ်းခြံကုန်းနှင့်ကော့မှူးမြို့နယ် ရှားလဖလုံ (လူပျိုကြီးဒုံး)အကနှင့် မော့ဘီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီးကာ အခမ်းအနားကိုဖွင့်လှစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည် သူ သတိုးသီရိသုမမ္မင်းအောင်လှိုင်ထံမှပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကိုယ်စား မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏာဘိရတနနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များကိုယ်စား ဘုန်းတော်ကြီးဟင်နရီမန်းအိုင်ခလိန်တို့က နှစ်သစ်နှုတ်ခွန်းဆက်စကားများပြောကြား၍ ဆုတောင်းမေတ္တာများပို့သကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဦးစောလင်းခယ်က ဖတ်ကြားပြီး တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကရင်နှစ်သစ်ကူးနေ့အကြောင်းသိကောင်းစရာများနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧနီးတို့က နိုင်ငံတော်အဆင့် ထူးချွန်ဆုရ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကရင်အမျိုးသားတေးသီချင်းအား စုပေါင်းဂုဏ်ပြုသီဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **(သတင်းစဉ်)**





❐ ရှေ့ဖုံးမှအဆက်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖားစည်ကိုးချက်တီးပြီး ကရင်လူငယ်ကိုးဦးက ကျွဲချိုမူတ်၍ အခမ်းအနားကိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က ကရင်နှစ်သစ်ကူးနှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက် အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်အပ်ပါ သည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၀	၃၁၂၀	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၁၆၀	၃၀၈၀	၄၅၀၅	၃၃၇၅	၃၀၉၅	၃၁၀၀	၃၁၇၀	၃၁၃၅	၃၁၅၅	၃၄၁၀	၃၉၀၀
95 Ron	၃၁၂၀	၃၂၃၀	၃၂၀၀	၃၁၃၅	၃၂၄၀	၃၂၅၅	၃၂၇၀	၃၁၉၀	၄၅၆၀	၃၄၈၅	၃၂၀၅	၃၂၀၀	၃၂၈၀	၃၂၄၅	၃၂၆၅	၃၅၂၀	၄၀၅၀
HSD (500 ppm)	၂၆၃၅	၂၇၅၀	၂၇၃၅	၂၆၅၀	၂၇၅၅	၂၇၇၀	၂၇၉၀	၂၇၀၅	-	၃၀၀၀	၂၇၂၅	၂၇၂၅	၂၇၉၀	၂၇၆၀	၂၇၈၀	၃၀၄၀	၃၉၀၀
HSD (50 ppm)	၂၂၆၀	၃၃၇၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၅	၃၃၃၀	၄၈၃၀	၃၆၂၅	၃၃၅၀	၃၃၅၀	၃၄၂၀	၃၃၈၅	၃၄၀၅	၃၆၆၅	-
HSD (10 ppm)	၂၂၆၀	၃၃၇၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၅	၃၃၃၀	-	၃၆၂၅	၃၃၅၀	၃၃၅၀	၃၄၂၀	၃၃၈၅	၃၄၀၅	၃၆၆၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၃၉	၂၉၂၉
95 Ron	၂၉၄၆	၃၀၃၈
HSD (500 ppm)	၂၄၇၈	၂၅၁၇
HSD (50 ppm)	၃၀၈၃	၃၁၀၄
HSD (10 ppm)	၃၀၈၃	၃၁၀၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲ ရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ် များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီ အစဉ်မှ **"ပြည်ပနိုင်ငံများမှာ ခိုလှုံခွင့်ရရှိစေရေး အသည်းအသန်ကြိုးစားနေရတဲ့ သစ္စာဖောက်ပြည်ပြေးအစိုးရနှင့် အပေါင်းအပါများ"** ခေါင်းစဉ်ဖြင့် ၁-၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"အနောက်မျှော် မီဒီညာတွေရဲ့ သပ်လျှိုသွေးခွဲသတင်း တွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းအကြား သွေးမကွဲဖို့ လိုအပ်နေပြီ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ် များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅၈ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ဟိန်းမြို့နယ် ဝမ်ဟိန်းကျေးရွာ၌ ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကျင်းပ

ကွန်ဟိန်း ဒီဇင်ဘာ ၃၀

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့မကျေးရွာအုပ်စု ဝမ်ဟိန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ဒီဇင်ဘာလ ၃၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် ကွန်ဟိန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က အမှာစကားများပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ဝမ်ဟိန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုငွေဖြင့် ကွန်ကရစ်တံတားတည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ကွန်ကရစ်တံတားမုခဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကွန်ကရစ်တံတားသည် အရှည် ၁၅ ပေ၊ အကျယ် ၁၇ ပေ၊ အမြင့် ၇ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ



ငွေကျပ် ၃၄ သိန်း စုစုပေါင်း ငွေကျပ် ၁၈၄ သိန်းဖြင့် ခရိုင်/မြို့နယ် ဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကာရံ (ကျေးလက်)**

ပဉ္စမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ညောင်လေးပင် ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ်၌ အင်္ဂါဆွမ်းလောင်းအသင်းကြီး၏ ပဉ္စမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မြို့မ (၂) ရပ်ကွက်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ညောင်လေးပင်မြို့နယ် မြို့မ (၂)ရပ်ကွက်ရှိ အင်္ဂါဆွမ်းလောင်းအသင်းကြီးသည် နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့တိုင်း သမစိတ္တတောင်ပိုင်း မဟာဒုက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တရပ်နားထားခဲ့ရပြီး ယင်းကာလတွင် သံဃာတော်များ ဆွမ်းအခက်အခဲရှိလာသဖြင့် အင်္ဂါဆွမ်းလောင်းအသင်းကြီးမှ အကျိုးဆောင်များ၏ဦးဆောင်မှုဖြင့် ၂၀၂၁ ခုနှစ် မှစတင်ကာ ပထမအကြိမ်အဖြစ် ညောင်လေးပင်မြို့နယ်အတွင်းရှိ သံဃာတော်များ ဆွမ်းကိစ္စအဆင်ပြေစေရန် ရည်ရွယ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအဖြစ် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ မြို့မ (၂) ရပ်ကွက်အတွင်းရှိ လမ်းပေါင်း ၁၅ လမ်းတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၉ ကျောင်းမှ သံဃာတော် ၇၅၆ ပါးအား ဆွမ်းဆန်စိမ်းများလောင်းလှူမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များ အနေဖြင့် လာရောက်လောင်းလှူနိုင်ပြီး အင်္ဂါဆွမ်းလောင်းအသင်းကြီး ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေ ဖုန်း-၀၉-၆၈၃၄၄၀၈၄၄ နှင့် ဦးဆန်းဝင်း ဖုန်း-၀၉-၂၆၂၈၂၆၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း အမှတ်စဉ်(၁၂၃၃/၂၀၂၄) သင်တန်းဆင်း



ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲမှကြီးမှူး၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း အမှတ်စဉ်(၁၊ ၂၊ ၃/၂၀၂၄) သင်တန်းဆင်းပွဲကို သာကေတမြို့နယ် ၇/အနောက်ရပ်ကွက်ရှိ ဓိနမာရုံအောင်စေတီတော်ဘုရားဝင်း၌ ဒီဇင်ဘာလ ၂၉ ရက်ကကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသူရိန်ဇော်၊ အဖွဲ့ဝင်(၂)ဦးညွှန့်ဝေ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေး၊ တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးထိန်လင်း၊ သာကေတမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးအောင်မင်းနှင့်တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနာယက ဦးကျော်သူတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒေါ်အေးထွေးမိုးက ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းကို နိုဝင်ဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာလ ၂၉ ရက်တွင် သင်တန်းဆင်းပွဲကျင်းပကာ ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

တံတေးမြို့နယ် ဗျောက်ရိုးကျေးရွာ၌ ကရင်နှစ်သစ်ကူးပွဲတော်နှင့် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး တံတေးခရိုင် တံတေးမြို့နယ် ဗျောက်ရိုးကျေးရွာအုပ်စု ဗျောက်ရိုးကျေးရွာ၌ ကရင်နှစ်သစ်ကူးပွဲတော်၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာလ ၃၀ ရက်တွင် အဆိုပါကျေးရွာ လယ်ကွင်းပြင်၌ ကျင်းပသည်။

ကရင်နှစ်သစ်ကူး အလံတင်ပွဲကို နံနက် ၅ နာရီတွင် အလံတင်အခမ်းအနားကျင်းပခဲ့ပြီး RC ဘုန်းတော်ကြီးကျိုးဇော်၊ နှစ်ခြင်းဆရာမ နော်လာဖော တို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ကရင်နှစ်သစ်ကူးပွဲတော်ကို မျိုးဆက်သစ်လူငယ်များအနေဖြင့် ရှေးဘိုးဘွားတို့၏ ရိုးရာအစဉ်အလာ အတိုင်း ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြစေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ယင်းနောက် ဗျောက်ရိုးကျေးရွာအုပ်စုရှိ အသက် ၇၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ကျေးရွာမှ ကရင်ယဉ်ကျေးမှုအဖွဲ့က အဝတ်အထည်များလှူဒါန်းခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကရင်ဒုံးယိမ်းအက အဖွဲ့များက အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ဈေးရောင်းပွဲတော်၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

တံတေးသား



ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကော့သောင်း ဒီဇင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာအုပ်စု ဘန်းကချွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်မြမိုးဖူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဘန်းကချွန်ကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၇ ဒသမ ၅ သန်းအသုံးပြုပြီး အကျယ် ၆ ပေ၊ အနက် ၂၅ ပေရှိ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းကို ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၁၂ အိမ် လူဦးရေ ၁၂၇၃ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

ကျွန်းစုမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ ၈က ၈၇၀ လျာထားစိုက်ပျိုးနေပြီး ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်စေမည်ဖြစ်

ကျွန်းစု ဒီဇင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ ၈က ၈၇၀ လျာထားစိုက်ပျိုးနေပြီး ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်စေမည်ဖြစ်ကြောင်း ကျွန်းစုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းစုမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်၊ ဟင်းသီးဟင်းရွက်၊ ဖူးစားပြောင်း၊ နေကြာ၊ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲနှင့် နွေစပါးတို့ စိုက်ပျိုးကြပြီး တောင်သူများအနေဖြင့် ဆောင်းသီးနှံများစိုက်ပျိုးရာတွင် အခက်အခဲမရှိစေရန် ကျွန်းစုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ကျွန်းစုမြို့နယ်အတွင်း ငရုတ် ၁၂၈ ၈က၊ ဟင်းသီးဟင်းရွက် ၆၁၈ ၈က၊ ဖူးစားပြောင်း ၅၅ ၈က၊ နေကြာ သုံး၈က၊ နှမ်း ငါး၈က၊ ပဲတီစိမ်း နှစ်၈က၊ မတ်ပဲ ၈က ၄၀ နဲ့ နွေစပါး ၁၉ ၈က စုစုပေါင်း ၈က ၈၇၀ စိုက်ပျိုးဖို့လျာထားပါတယ်။ နိုဝင်ဘာလလယ်လောက်ကစပြီး မိုးစပါးရိတ်သိမ်းပြီးတဲ့ လယ်တွေမှာ ရေတင်ပြီးတော့ ဆောင်းသီးနှံတွေကို စတင်စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိအချိန်ထိ



၈က ၁၆၀ လောက် စိုက်ပျိုးပြီးသွားပါပြီ။ ကျန်၈ကတွေကိုတော့ လာမယ့်နှစ် ဧန်နဝါရီလအတွင်းမှာ အပြီးစိုက်ပျိုးမှာပါ"ဟု ကျွန်းစုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်ကပြောသည်။

ကျွန်းစုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ပျိုးပင်များနှင့် မြေဩဇာများကို တခြားဒေသများမှ မှာယူပေးခြင်းများအပြင် ဒေသခံတောင်သူအချင်းချင်း မျိုးစေ့များဖလှယ်နိုင်စေရန်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဓာတ်မြေဩဇာသုံးစွဲနည်းနှင့် ပိုးသတ်ဆေးသုံးစွဲနည်းများကို တောင်သူများအား ဖြန့်ဝေပေးလျက်ရှိသကဲ့သို့ စံပြကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုး၍လည်း နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် သီးနှံစိုက်ခင်းများ အထွက်နှုန်းတိုးအောင်မြင်ဖြစ်ထွန်းကာ ဒေသတွင်းစားသုံးမှုဖူလုံစေရုံသာမက ကုန်ဈေးနှုန်းတည်ငြိမ်၍ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

ကျွန်းလှမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ



ကျွန်းလှ ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာလ ၃၀ ရက်တွင် ရွှေကျွန်းမြေ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းနှင့် သစ်တောဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းက ၄ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

အဆိုပါဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဌာနအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်းအားကစားသမား ၇၂ ဦးဖြင့် ဒီဇင်ဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း၊ ပထမနှင့် ဒုတိယဆုရအသင်းများအား (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

ကျိုက်ထိုမြို့နယ်၌ အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်

ကျိုက်ထို ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် (Grade-5) နှင့် အခြေခံပညာအလယ်တန်းအဆင့် (Grade-9) သင်ကြားသင်ယူမှုထိရောက်ရေး အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျိုက်ထိုခရိုင် ပညာရေးမှူး ဦးခိုင်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးမောင်ညိုတို့က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြများက သင်တန်းတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပို့ချကြသည်။

အဆိုပါသင်တန်း၌ Grade-5 တွင် သင်တန်းသား၊ သင်တန်းသူ ၂၈၇ ဦး တက်ရောက်ကာ သင်တန်းနည်းပြ ၁၈ ဦးက ဘာသာရပ်ငါးမျိုးကို သင်ကြားပို့ချခြင်းဖြစ်ပြီး Grade-9 တွင် သင်တန်းသား၊ သင်တန်းသူ ၁၃၆ ဦး တက်ရောက်၍ သင်တန်းနည်းပြ ၁၂ ဦးက ဘာသာရပ်ခြောက်မျိုးကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ဝ၄၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ဝ၇ဝဝ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားအား ပြည်သူ့ရင်ပြင်၌ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကိုခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်းတောင်မှမြောက်သို့မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



(၃၀-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀)**ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၃၀-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

မြို့အမည်	ဒီဂရီဆဲလ်စီးယက်	ဒီဂရီဖာရင်ဟိုက်
ဟားခါးမြို့	၂.၆	၃၆.၇
ဟဲဟိုးမြို့	၆.၄	၄၃.၅
တီးတိန်မြို့	၆.၅	၄၃.၇
ပြင်ဦးလွင်မြို့	၇.၂	၄၅.၀



ABL APP is now AVAILABLE in both MM and ENG versions!

ပြည်ထဲရေးဝန်ကြီးဌာန၊ ၂၀၂၄-၂၀၂၅ ငွေလုံးငွေရင်း(ဖြည့်စွက်)/အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ဖြင့် တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီသည် တပ်ဖွဲ့/ဦးစီးဌာနများအတွက်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါအဆိုပြုလွှာတင်သွင်းထားသောလုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၃၁-၁၂-၂၀၂၄ ရက်နေ့မှစတင်၍ သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းစုအလိုက် ဈေးနှုန်းအဆိုပြုလွှာများအား ဒဏ္ဍီဏာသိရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း(ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ **ဒဏ္ဍီဏာခရိုင်မီးသတ်စခန်း**တွင် ၆-၁-၂၀၂၅ ရက်နေ့ နံနက်(၀၉၀၀)အချိန်မှ ညနေ ၄ နာရီ(၁၆၀၀) အချိန်အထိတင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်း တင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း ၀၆၇-၃၄၁၁၃၃၈၊ ၀၆၇-၃၄၁၂၄၆၂
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း ၀၆၇-၃၄၁၂၈၂၂၊ ၀၆၇-၃၄၁၂၇၇၂
(ဂ) အကျဉ်းဦးစီးဌာန ဖုန်း ၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆

တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ္ဘာအေးဘုရားလမ်းမကြီးတစ်လျှောက်တွင် လမ်းမီးဓာတ်အားလိုင်း မိုင်(၁.၃၃) တည်ဆောက်ခြင်းနှင့် လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောလမ်းမီးဆိုင်ရာ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၃-၁-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၀-၁-၂၀၂၅)(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နတ်မောက်မြို့၊ ကံကြီးရပ်ကွက်နေ ဦးဝင်းဆန်း+ဒေါ်ရီရီစိုးတို့၏ သားများဖြစ်ကြသော မောင်သူရိန်စိုး၊ မောင်သီဟစိုးတို့ညီအစ်ကိုနှစ်ဦးသည် မိဘဆိုဆုံးမမှုကိုမနာခံပါသဖြင့် (၃၀-၁၂-၂၀၂၄)ရက်နေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်သူရိန်စိုး၊ မောင်သီဟစိုးတို့နှစ်ဦးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဝင်းဆန်း+ဒေါ်ရီရီစိုး

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အ.ထ.က(၆) Grade-6 မှ ပညာသင်ကြားနေသော မအေးသူဇာ၏ဖခင်အမည်မှန်မှာ ဦးတင်ညွှန့် ဖြစ်ပါကြောင်း။

ဦးတင်ညွှန့်

ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့နေ ဒေါ်နုနုစိုစိုလွင်(ဘ)ဦးသောင်းလွင် ဇ/ပမန(နိုင်)၂၅၅၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၉၆၉၁၃

ပျောက်ဆုံးကြောင်း

မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်အုန်း(ဘ) ဦးမြင့်စိုး ၁၂/ဥကမ(နိုင်)၀၈၁၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၉၆၉၁၃

ပျောက်ဆုံးကြောင်း

သဲသဲဖြူ(ဘ)ဦးဥဇၨင်း ၁၃/နမတ(နိုင်) ၀၄၅၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

အောင်ဆန်းဌေး(ဘ)ဦးသိန်းထွန်း ၁၁/ပဏတ (နိုင်)၁၁၃၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 849432)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၃၀၄၅၅၅၁

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကြိုပင်ကောက်မြို့နေ မောင်ဇေယျာထွန်း(ဘ)ဦးစံသိန်း ၇/ကပဂ(နိုင်)၁၀၅၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ မျိုးသိဂီကျော်(ဘ)ဦးမျိုးသိန်း ၇/ပခန(နိုင်)၄၃၃၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 338660)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ ဦးဝင်းဆန်း+ဒေါ်ရီရီစိုး၏ သားများဖြစ်ကြသော မောင်သူရိန်စိုး၊ မောင်သီဟစိုးတို့ညီအစ်ကိုနှစ်ဦးသည် မိဘဆိုဆုံးမမှုကိုမနာခံပါသဖြင့် (၃၀-၁၂-၂၀၂၄)ရက်နေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်သူရိန်စိုး၊ မောင်သီဟစိုးတို့နှစ်ဦးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဝင်းဆန်း+ဒေါ်ရီရီစိုး

ပျောက်ဆုံးကြောင်း

ဇင်မာလွှိင်(ဘ)ဦးလှထွန်း ဇ/တသန(နိုင်) ၂၄၇၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 909394)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၇၄၉၂၂၀၇

ပျောက်ဆုံးကြောင်း

ဇင်ကိုကို(ဘ)ဦးထွန်းလှိုင် ၁၂/တတန(နိုင်) ၂၃၂၀၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 352712)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ဝိုင်တာချစ်(ဘ)ဦးစန်းမိုး ၁၄/ဖပန(နိုင်) ၂၇၉၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 695363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

အိမ်မှူးဟန်(ဘ)ဦးအုန်းသန်း ၁၄/ဖပန(နိုင်) ၂၃၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 733285)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း

ရေဖြူမြို့နယ်၊ ကံပေါက်ရွာနေ မောင်မြင့်ထွန်းနိုင်(ဘ)ဦးသိန်းထွန်း ၁၂/စတန(နိုင်)၀၆၆၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 374368)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၂၇၃၈

လီဗာပူးအသင်းသမိုင်းတစ်လျှောက် ဘောလုံးရာသီရှစ်ရာသီဆက် ပြိုင်ပွဲစုံ သွင်းဂိုး ၂၀ နှင့်အထက် သွင်းယူနိုင်သည့်ကစားသမားအဖြစ် ဆာလက်ခ်မြတ်တမ်းဝင်



လန်ဒန် ဒီဇင်ဘာ ၃၀

လီဗာပူးအသင်းတိုက်စစ်ကစားသမား ဆာလက်ခ်သည် အသင်းသမိုင်းတစ်လျှောက် ဘောလုံးရာသီရှစ်ရာသီဆက် သွင်းဂိုး ၂၀ နှင့်အထက် သွင်းယူနိုင်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ်ကစားခဲ့သည့် လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို ၅ ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိသည့်ပွဲစဉ်၌ ဆာလက်ခ်သည် ပွဲချိန် ၄၄ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၀ ပြည့်လာပြီး မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလက်ခ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီဖြစ်သည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲစုံ သွင်းဂိုး ၄၄ ဂိုး သွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် ဆာလက်ခ်သည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၇ ဂိုး၊ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ၂၃ ဂိုး၊ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် ၃၁ ဂိုး၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် ၃၁ ဂိုး၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် သွင်းဂိုး ၃၀၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ၂၅ ဂိုး သွင်းယူနိုင်ခဲ့ပြီး ယခုဘောလုံးရာသီ၌ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၆ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၂၀ သွင်းယူထားနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလက်ခ်သည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတို့တွင် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးကစားသမားဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၁၈ ပွဲကစားပြီးချိန်တွင် ၁၇ ဂိုးသွင်းယူနိုင်ပြီး သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ဒုတိယနေရာမှ ဟာလန်းကို သုံးဂိုးဖြတ်တောက်ထားကာ သွင်းဂိုးအများဆုံးကစားသမားဆုအတွက် ရေပန်းစားနေပြီး ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင်လည်း ထိပ်ဆုံးမှဦးဆောင်နေကြောင်း သိရသည်။

Ref;One Football

ပြင်သစ်လီဂူးဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒို၏ဝေဖန်မှုကို ပြန်လည်တုံ့ပြန်

ပဲရစ် ဒီဇင်ဘာ ၃၀

ပြင်သစ်လီဂူးဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒို၏ ပြင်သစ်လီဂူးပြိုင်ပွဲနှင့်ပတ်သက်၍ဝေဖန်မှုကို ပြန်လည်တုံ့ပြန်ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုက ပြီးခဲ့သည့် Globe Soccer Awards ဆုပေးပွဲအခမ်းအနားတွင် "ဆော်ဒီပရိုလိဂ်ပြိုင်ပွဲက ပြင်သစ်လီဂူးပြိုင်ပွဲထက်ကောင်းပါတယ်။ ပြင်သစ်လီဂူးမှာက ချန်ပီယံဆုအတွက် ပီအက်စ်ဂျီအသင်းတစ်သင်းတည်းရှိတာပါ။ ဒီမှာက ချန်ပီယံဆုအတွက် ခက်ခဲပါတယ်။ ပြီးရင် ဒီကအပူချိန်လောက်နဲ့ အဲဒီကစားသမားတွေ ကစားရခက်ခဲမှာပါ" ဟု ဝေဖန်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်လီဂူးဘောလုံးအဖွဲ့ချုပ်ကလည်း စီရော်နယ်ဒို၏ဝေဖန်မှုကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ၎င်းတို့၏လူမှုကွန်ရက်စာမျက်နှာတွင် ပီအက်စ်ဂျီအသင်းကစားသမားဟောင်း မက်ဆီ၏ အာဂျင်တီးနားအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်ပုံဖြင့် "မက်ဆီတောင် အပူချိန်မြင့်မားတဲ့ကာတာမှာ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ စီရော်နယ်ဒိုအနေနဲ့ မက်ဆီလို စွမ်းဆောင်နိုင်ခြင်းမရှိသေးပါဘူး" ဟု ပြန်လည်တုံ့ပြန်ခဲ့ကြောင်း သိရသည်။

Ref;L'Equipe

ရီးယဲလ်မက်ဒရစ်အသင်းက အာနိုးအပြင် ဘိုင်ယန်မြူးနစ်အသင်းမှ အဖွန်ဆိုဒေးဗီးကိုပါ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်စီစဉ်

မက်ဒရစ် ဒီဇင်ဘာ ၃၀

ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ အာနိုးအပြင် ဘိုင်ယန်မြူးနစ်အသင်းမှ အဖွန်ဆိုဒေးဗီးကိုပါ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမည်မဟုတ်သော်လည်း လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတောင်ပံခံစစ်နေရာအတွက် လီဗာပူးအသင်းမှ အာနိုးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကစားသမားဖြစ်သူနှင့် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အဖွန်ဆိုဒေးဗီးကိုပါ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် အဖွန်ဆိုဒေးဗီးသည် ၂၀၁၉ ခုနှစ်က ကနေဒါကလပ် ဗန်ကူဗာအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ လက်ရှိဘောလုံးလောက ၌ အကောင်းဆုံးတောင်ပံခံစစ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းက အဓိကခံစစ်ကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း အဖွန်ဆိုဒေးဗီးကိုယ်တိုင်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် သက်တမ်းတိုးစာချုပ်ကမ်းလှမ်းမှုများကို ငြင်းပယ်ထားခြင်းဖြစ်သည်။

အဖွန်ဆိုဒေးဗီးကို ရီးယဲလ်မက်ဒရစ်အသင်းအပြင် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများကလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

Ref;Marca

ဘာစီလိုနာအသင်းက အိုလ်မိုကို ကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ရန် အိမ်ကွင်းမှ VIP ထိုင်ခုံများကို ရောင်းချမည်

ဘာစီလိုနာ ဒီဇင်ဘာ ၃၀

ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား အိုလ်မိုကို ကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ရန် အိမ်ကွင်းမှ VIP ထိုင်ခုံများကို ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည်ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းမှ ကွင်းလယ်ကစားသမား အိုလ်မိုကိုခေါ်ယူနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းအနေဖြင့် ယခုဘောလုံးရာသီဝက်အတွက် အိုလ်မိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်သော်လည်း အသင်းဘဏ္ဍာရေးအကျပ်အတည်းများကြောင့် လက်ကျန်ရာသီဝက်အတွက် ကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ခြင်းမရှိသေးခြင်းဖြစ်သည်။


ဘာစီလိုနာအသင်းအနေဖြင့် အိုလ်မိုကို ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီ အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ခြင်းမရှိပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည်ဖြစ်သည့်အတွက် ဘာစီလိုနာစီးပွားရေးတရားရုံး၌ အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် ယခုအခါ ဘာစီလိုနာအသင်းအနေဖြင့် အသင်းအိမ်ကွင်းမှ VIP ထိုင်ခုံများကို ရောင်းချပြီး ဝင်ငွေရရှိမှသာ အိုလ်မိုကို ကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်မည်ဖြစ်သည်။

ဘာစီလိုနာအသင်းက အိုလ်မိုကို ကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ရန် အသင်းအိမ်ကွင်းမှ VIP ထိုင်ခုံများကို ယူရို သန်း ၁၀၀ ဖြင့်ရောင်းချရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

Ref;Fotmob



တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၂၇ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျော်ဘွယ်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၂၅၂)တန်၊ အခြားသစ် (၅ ဒသမ ၂၄၉) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၆၃၂၂၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၇၂၄၄၀၅)၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၇၀၂၈၈၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီး၊ Hino Profia Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂) တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၈၉၂၆၈၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၂၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး(၂ ဒသမ ၈၈၀)တန်၊ ကျွန်းသစ် (သုည ဒသမ ၅၅၅)တန်၊ သစ်မာ (သုည ဒသမ ၁၉၂)တန်၊ အခြားသစ် (သုည ဒသမ ၉၂၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၀၄၅၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၉၅၃၀၀၄၉)**ကို ဖမ်းဆီးရမိခဲ့ပါသည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)



ပဲခူးတိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု။

ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကြောင်းထိုးကာ ပြည်သူ ၂၅၀ ကျော်ကို ဖမ်းဆီးပြီး စစ်ဘေးရှောင်တဲများနှင့် ဆိုင်ကယ်များကို အကြောင်းမဲ့မီးရှို့ခဲ့ကြောင်း သတင်းတု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အတွင်း စစ်ကြောင်းထိုးကာ ပြည်သူ ၂၅၀ ကျော်ကို ဖမ်းဆီးပြီး စစ်ဘေးရှောင် တဲများနှင့် ဆိုင်ကယ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေလုံခြုံရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဘုတလင်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိခိုက်ပျက်စီးအောင်လုပ်ဆောင်ခြင်းများမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများကသာ ၎င်းတို့နှင့်အမြင်မတူသည့်ရဟန်းသံဃာများ၊ အစိုးရဝန်ထမ်းများ၊ ဒေသခံပြည်သူများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာ/ရပ်ကွက်များအား မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်



တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်သည်ဟု ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❍ **ကျောဖုံးမှအဆက်**

ပွဲစဉ်(၁၄)အပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက် အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ အားကစားနှင့် ကာယပညာသိပ္ပံအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ဇရာဝတီယူနိုက်တက်အသင်း က ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ်ရရှိထားသည်။ ရမှတ်အနေအထားအရ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေအကောင်းဆုံးဖြစ်နေပြီး ရန်ကုန်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က ဖိအားပေးလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ထပ်မံဖိုလ်စွဲပါက စံချိန်သစ်များစွာတင်ရှိမည်ဖြစ်သောကြောင့် အကောင်းဆုံးကြိုးပမ်းလျက်ရှိပြီး ၂၀၂၀ ရာသီကတည်းက တင်ရှိထားသည့် ရှုံးပွဲမရှိစံချိန်မှာလည်း ပွဲ ၇၀ အထိရှိလာပြီဖြစ်သောကြောင့် ယင်းစံချိန်ကို ဆက်ထိန်းထားနိုင်ခြင်းရှိ၊ မရှိစောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် ဇယားထိပ်ပိုင်းမှ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်တို့နှင့် ထိပ်တိုက်တွေ့ဆုံမည့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

ယခုရာသီ MNL ပြိုင်ပွဲကို ရန်ကုန်မြို့အပြင်တောင်ကြီးနှင့်ပုသိမ်မြို့တို့တွင်လည်း ကျင်းပလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၁၄ ကြိမ်တွင် ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းက ငါးကြိမ်စီ၊ ရတနာပုံအသင်းက လေးကြိမ်ဗိုလ်စွဲထားကြောင်း သိရသည်။

သတင်း-ရဲရင့်လွင်
ဓာတ်ပုံ-သော်လေး

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၁၈˚c	/	၃၂˚c
ရန်ကုန်	၂၁˚c	/	၃၄˚c
မန္တလေး	၁၈˚c	/	၃၁˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးညှင်းမြို့နယ် ဝဘော်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘောင်ဖြင့် သဲကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး


မိုးညှင်း ဒီဇင်ဘာ ၃၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဝဘော်ကျေးရွာ၌ ကွန်ကရစ်ဘောင်ဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာလ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ဝဘော်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘောင်ဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဝဘော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေ ငွေကျပ် ၁၅ သန်း ဖြင့် ကျေးရွာတွင်းလမ်းအရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိ ကွန်ကရစ်ဘောင်ဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သောကြောင့် ယင်းကျေးရွာ၌ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ချစ်ဦးကို



သဃ်ိန်းကျန်းမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျန်းမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို သဃ်ိန်းကျန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာလ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်းထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ကျေးဇူးတင်စကားပြောကြားကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းဝင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲမှဆုရရှိသော သားကောင်းမိခင်နှင့် ကလေးများအား ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ သဃ်ိန်းကျန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အတွင်းမှ ပြိုင်ပွဲဝင်မိခင်နှင့် ကလေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရိန်(ပြန်/ဆက်)

မြဝတီမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

မြဝတီ ဒီဇင်ဘာ ၃၀

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်ရှိ ကရင်အမျိုးသားထာဝရ နှစ်သစ်ကူးကွင်း၌ ကရင်အမျိုးသား နှစ်သစ်ကူးနေ့အခမ်းအနားကို ဒီဇင်ဘာလ ၃၀ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြဝတီမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်း သဘာပတိကြီး ဦးစောထွန်းဝေက နှစ်သစ်ကူးမိန့်ခွန်းပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်း နာယကချုပ် ဆရာတော် ဒေါက်တာအရှင်ပညာသာမိ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာကို တောင်ကလေးအေးရိပ်သာ ကျောင်းဆရာတော် အရှင်အဂ္ဂဝံသ အရှင်သူမြတ်က မြွက်ကြားပေးကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာကို မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ဖတ်ကြားသည်။

ဆက်လက်၍ ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံစာတမ်းကို ပိုးကရင်ဘာသာဖြင့်လည်းကောင်း၊ စကောကရင်ဘာသာဖြင့်လည်းကောင်း တာဝန်ရှိသူများက ဖတ်ကြားသည်။ ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဥက္ကဋ္ဌ စောဇော်မင်းသိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလားတူ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် ဘောလုံးပြိုင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် တခြားပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် တစ်နှစ်တာ ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ် ကျောင်းပေါင်း ၁၈ ကျောင်း၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရမှုများ ထက်ဝက်ခန့် လျော့ကျသွားစေရန်အတွက် ယခုကဲ့သို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပရာ၌ ကျောင်းသား၊ ကျောင်းသူများ ပိုမိုနားလည်သဘောပေါက်စေရန် သယ်ယူပို့ဆောင်ရေးနှင့် သွားလာရေးအတွက် အသုံးပြုနေသော မော်တော်ယာဉ်များ၏ ယာဉ်မတော်တဆမှုဖြစ်စဉ်များနှင့် ပတ်သက်သော ဗီဒီယိုဖိုင်များကို လည်းပြသပြီး အသိပညာဖြန့်ဝေမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် YRTC အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရမှုများလျော့ကျသွားစေရန် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရမည့် "Quick Win" အစီအစဉ်များကိုလည်း ယာဉ်မောင်းသူများ သိရှိလိုက်နာစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

Central Hotel
YANGON

ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .



အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ဂ၂၄၁၀၀၁ ~ ဂ၂၄၁၀၀၇

ပဒုမ္မာဆပ်ပြာ

ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'



ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မှီစက်ကြီးများဖြင့်
အရည်အသွေးပြည့်ဝီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်ပီ၊
လက်ကား၊ ဝယ်ယူအားပေးနိုင်ပါပြီ...
ဝဠ ၀၈၁ ၈၄၈ ၆၉၉၊ ဝဠ ၀၉၃ ၀၃၂ ၆၁၆။

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။



အာရှည်အသွေးမြင့်မား တာယာ မှာ
TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၃၊ ၀၉ ၄၅၃၂၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ
European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလိမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၁၁၄၇၁၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟဝါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကိုဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကိုဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၃၀

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ကျင်းတူးခိုင်းပြီး မြေကျင်းထဲသို့ထည့်၍ လည်လှီးကာသတ်ဖြတ်ခြင်း၊ အဆိုပါ လည်လှီးသတ်ဖြတ်နေသည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်းပြုလုပ်လျက်ရှိသည်။ ထို့ပြင် ကျောက်တော်နယ်မြေ၌လည်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများလိုက်ပါလာသော သင်္ဘောကိုလည်း ပစ်ခတ်ဖောက်ခွဲ၍ ရေနစ်နေသည့်အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ **စာမျက်နှာ ၁၁ ကော်လံ ၁**□

ခေတ္တရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများ ဇန်နဝါရီလ ဒုတိယပတ်တွင် ပြန်လည်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာ့လက်ရွေးစင်အသင်း၏ Asean Cup ပြိုင်ပွဲကြောင့် နိုဝင်ဘာလနောက်ဆုံးပတ်ကတည်းက ရပ်နားထားသည့် ၂၀၂၄-၂၀၂၅ရာသီ MNL အမှတ်ပေးပြိုင်ပွဲလက်ကျန်ပွဲစဉ်များကို ဇန်နဝါရီလ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို ပွဲစဉ်(၁၄)အထိသာ ကျင်းပပြီးစီးထားသောကြောင့် ပွဲစဉ်ရှစ်ခုထပ်မံကျင်းပရမည်ဖြစ်ပြီး ဇန်နဝါရီလ ၁၀ ရက်မှ မတ်လ ၁ ရက်အတွင်း အပြီးကျင်းပမည်ဖြစ်သည်။ **စာမျက်နှာ ၂၉ ကော်လံ ၄** ❍



ဆောင်းပါး **လေ့လာမှတ်သားစရာ စီးပွားရေးဝေါဟာရများ(အပိုင်း-၁)** စာ - ၉ သို့

နိုင်ငံတကာသတင်း စာ - ၂၃ သို့

ဘန်ကောက်မြို့ရှိ ဟိုတယ်တစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား သုံးဦးသေဆုံး



အီသီယိုးပီးယားတွင် ခရီးသည်များကို တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စင်း မြစ်အတွင်းသို့ ထိုးကျ၊ လူ ၇၁ ဦးသေဆုံး

ပီယက်နမ်တွင် ကလေးမွေးဖွားနှုန်း စံချိန်တင်ကျဆင်း

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သဘော်ကျင်းလုပ်ငန်း



ငါး/ပုစွန် မြူမြင်အေးခဲထုတ်လုပ်ခြင်း(အဆေားခန်းစက်ရုံ)



ငါးဝွေးမြူရေးလုပ်ငန်း(ဓာတ္တုဝင်)



ငွေပင်လယ်လျှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းပြဝတ္ထုများဖြင့် စိတ်တိုင်းကျမှာယူလုပ်ကိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com